http://www.dhammadownload.com

ဆဋ္ဌသင်္ဂါယနာတင် တိပိဋကဓရ ... 

ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်သြဝါဒါစရိယ၊ ကမ္ဘာ့သာသနာပြု
ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

သတ်မှတ်ပေးကြားတော်မူခဲ့သည့်

## မဟာစည်ရိပ်သာကြီးတွင်
## တရားအားထုတ်မည့်ယောဂီများလိုက်နာရန်
# ဥပဒေစည်းမျဉ်းစည်းကမ်းများ နှင့်

## မဟာစည် ရတနာမြတ် ဘုရားရှိခိုး
## မေတ္တာပို့နည်းအသွယ်သွယ်

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ခရစ်-၂၀၁၁

http://www.dhammadownload.com

MHS000056

Permanent Copy
Not for Distribution.

http://www.dhammadownload.com

ဆဋ္ဌသင်္ဂါယနာ သဘာဝတ္ထုတိပိဋကဓရ, အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်သြဝါဒါစရိယ၊ကမ္ဘာ့သာသနာပြု
ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

သတ်မှတ်ဟောကြားတော်မူခဲ့သည့်

# မဟာစည်ရိပ်သာကြီးတွင်

တရားအားထုတ်မည့်ယောဂီများလိုက်နာရန်

# ဥပဒေစည်းမျဉ်းစည်းကမ်းများ နှင့်

# မဟာစည် ရတနာမြတ်ဘုရားရှိခိုး မေတ္တာပို့နည်းအသွယ်သွယ်

သာသနာ-၂၅၅၅ ကောဇာ-၁၃၇၃ ခရစ်-၂၀၁၁

http://www.dhammadownload.com

ရန်ကုန်မြို့
မဟာစည်သာသနာ့ရိပ်သာကြီးတွင်
တရားအားထုတ်မည့်ယောဂီများအတွက်ထုတ်ဝေသည်

အုပ်ရေ-၃၀၀၀

၁၃၇၃-ခုနှစ်၊တော်သလင်းလ

(၂၀၁၁-ခုနှစ်၊စက်တင်ဘာလ)

စီစဉ်သူ-(၁) ဦးဝင်းထိန်

(၂) ဦးသိန်းထိုက်ဦး

ထုတ်ဝေသူ-ဦးဖုန်းမြင့်

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊မဟာစည်သာသနာ့ရိပ်သာ

အမှတ်(၁၆)သာသနာ့ရိပ်သာလမ်း၊ဗဟန်းမြို့နယ်၊

ရန်ကုန်မြို့

ကွန်ပျူတာစာစီ-ဒေါ်သန်းသန်း(မဟာစည်)

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်

ဦးတင်အောင်ကျော် (၀၇၀၅၃)
စွယ်တော်ပုံနှိပ်တိုက်
အမှတ်(၁၄၇)၅၁-လမ်း၊ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့။

http://www.dhammadownload.com

# အမှာစာ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး သည် ၁၃၁၁-ခုနှစ်တွင် ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာကြီးသို့ ကြွရောက် သီတင်းသုံးတော်မူပြီး ထိုနှစ် နတ်တော်လပြည့်နေ့မှ စ၍ တရားအားထုတ်လိုသောယောဂီများကို သတိပဋ္ဌာန် ဝိပဿနာ အလုပ်ပေးတရား စတင်ဟောကြား ပြသတော်မူခဲ့ပါသည်။

ထိုအချိန်မှစ၍ ရိပ်သာကြီးတွင် တရားအားထုတ်သူများ တိုးပွားလာခဲ့ပါသည်။ ယောဂီများ တရား ရှုမှတ် ပွားများရာတွင် လျင်မြန်စွာ တရားတိုးတက်စေရေးနှင့် ယောဂီများ စနစ်တကျ စည်းကမ်းရှိစေရေးတို့အတွက် ယောဂီများလိုက်နာရန် ဥပဒေ စည်းမျဉ်းနှင့် စည်းကမ်းများကို ၁၃၁၃-ခုနှစ် (၁၉၅၁)ကပင် ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် ရေးသား ပြဋ္ဌာန်း ပေးတော်မူခဲ့ပါသည်။ ၎င်းအပြင် တရားအားထုတ်မည့် ယောဂီများအား စောင့်ရှောက်ကြ ရန်နှင့် ဝေယျာဝစ္စကိစ္စအဝဝကို ဆောင်ရွက်ကြရသော သံဃာတော် များ၊ သီလရှင်များနှင့် ဝေယျာဝစ္စဆောင်သော ယောဂီများ အတွက် လည်း ဩဝါဒတော်များ မိန့်ကြား၍ ပြဋ္ဌာန်းပေးတော်မူခဲ့ပါသည်။

ဤသို့ ပြဋ္ဌာန်း ညွှန်ကြားပေးတော်မူခဲ့သော စည်းမျဉ်း စည်းကမ်း ဥပဒေ စသည်တို့ကို သတ်သတ်မှတ်မှတ် စာအုပ်အဖြစ် ပြုစုပုံနှိပ်ထားရန် အထူး လိုအပ်ကြောင်းကို ယခု ဩဝါဒါဒိစရိယ

http://www.dhammadownload.com

ဆရာတော်ဘုရားဖြစ်တော်မူသော ဘဒ္ဒန္တဇဋိလ (သာသနဓဇ သိရီပဝရ ဓမ္မာစရိယ၊ ဝိနယပါဠိပါရဂူ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) (နေပြည်တော်-ပျဉ်းမနား) ဆရာတော်ဘုရားမှ ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ် အမှုဆောင်လူကြီးများအား ဩဝါဒပေး ညွှန်ကြားတော်မူသဖြင့် -

(၁) မဟာစည်ရိပ်သာကြီးတွင် တရားအားထုတ်မည့် ယောဂီ များလိုက်နာရန် စည်းမျဉ်းဥပဒေ စည်းကမ်း များနှင့် မဟာစည်ရတနာမြတ် ဘုရားရှိခိုး၊ မေတ္တာပို့ နည်း အသွယ်သွယ်စာအုပ်။

(၂) ရိပ်သာတွင်းနေ ဝန်ဆောင်ဆရာတော်များနှင့် ဝေယျာ ဝစ္စယောဂီများလိုက်နာရန် စည်းမျဉ်းစည်းကမ်းနှင့် တာဝန် ဝတ္တရားများစာအုပ်။

တို့ကို ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်မှ ပြုစု၍ ပုံနှိပ် ဖြန့်ဝေအပ် ပါသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

၁၃၇၃-ခုနှစ်၊တော်သလင်းလ။

၂၀၁၁-ခုနှစ်၊အောက်တိုဘာလ။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏

# တိုက်တွန်းနှိုးဆော်သည့် ဩဝါဒတော်


## အို . . . .. . သူတော်ကောင်း

အို . . . . . . . . သူတော်ကောင်း ----
လူဖြစ်နေစဉ် ယခုအခါသည်သာလျှင် ဝိပဿနာ အလုပ်ကို အားထုတ် နိုင်သည့် အခါပေတည်း၊ ဤ ဝိပဿနာအလုပ်ဖြင့် မဂ်ဖိုလ် နိဗ္ဗာန်ကိုရ၏၊ အပါယ် ဆင်းရဲ သံသရာဆင်းရဲတို့မှ လွတ်ကင်း ထွက်မြောက်၏၊ ဤမျှကြီးကျယ် သောအကျိုးကို ပေါ့လျော့ ပျင်းရိစွာ အားထုတ်၍ ဘယ်မှာရနိုင်ပါမည်နည်း။

အို . . .. . . . သူတော်ကောင်း -----
မဂ်ဖိုလ်နိဗ္ဗာန်ဟူသော အလွန်ကြီးမားတဲ့ အကျိုးကို ရစေနိုင်တဲ့ ဝိပဿနာအလုပ်ကို ပြင်းထန်စွာ အားထုတ်ပါလော့။

သင် မပျင်းနဲ့၊ မမေ့နဲ့၊ အားထုတ်ပါလော့ ။ ။

http://www.dhammadownload.com



ဆဋ္ဌသံဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ၊ နိုင်ငံတော်ဩဝါဒါစရိယ၊ ကမ္ဘာ့သာသနာပြု

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး

http://www.dhammadownload.com

# ဆဋ္ဌသင်္ဂါယနာ ... ဝိစိတ္တသာရာဘိဝံသ

ဆဋ္ဌသင်္ဂီတိပုစ္ဆက၊ အဂ္ဂမဟာပဏ္ဍိတ
နိုင်ငံတော်ဩဝါဒါစရိယ၊ကမ္ဘာ့သာသနာပြု
ကျောင်းဒွန်းတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး
၏

## ထေရုပ္ပတ္တိအကျဉ်း

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော် လောင်းလျာ သားရတနာကို ရွှေဘိုခရိုင် ဆိပ်ခွန် ရွာ၌ အဘ ဦးကံတော်+အမိ ဒေါ်ရွှေအုပ် တို့မှ သက္ကရာဇ် ၁၂၆၆–ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော်(၃)ရက်၊ (၂၉–၇–၁၉၀၄)သောကြာ နေ့၊ တွင်ဖွားမြင်ခဲ့လေသည်။ ငယ်နာမည်မှာ ''မောင်သွင်''ဖြစ်သည်။

အသက်(၁၂)နှစ်အရွယ်တွင် ရှင်သာမဏေဝတ်၍ သက်တော် (၂၀)တွင် ရဟန်းပြုခဲ့သည်။ ဘွဲ့တော်မှာ ''အရှင် သောဘန''ဖြစ်သည်။ ပရိယတ္တိစာပေ၊ နေ့ဝါ ညဝါ ကျမ်းစာ အရပ်ရပ်ကို သင်ယူတော်မူခဲ့ပြီး၊ ၁၃၀၃–ခုနှစ်တွင် ''သာသနဓဇ သီရိပဝရ ဓမ္မာစရိယ''ဘွဲ့ တံဆိပ်တော်ကို ဆက်ကပ်ခံယူရရှိတော်မူသည်။

ငယ်ဆရာများနှင့်တကွ မန္တလေးမြို့၊ အနောက် ပြင်၊ ခင်မကန် တိုက်၌ကျော်စောသော ဆရာတော်များထံ ပရိယတ္တိကျမ်းဂန်များ သင်ယူဆည်းပူးတော်မူခြင်း၊ သထုံ မင်းကွန်း ဇေတဝန် ဆရာတော် ဘုရားကြီးထံ ပဋိပတ်ကို နည်းခံ ကျင့်ကြံ အားထုတ်ခြင်းတို့ဖြင့်

http://www.dhammadownload.com

ပရိယတ္တိ၊ ပဋိပတ္တိ စွယ်စုံ ထူးချွန်သည့် ပုဂ္ဂိုလ်မြတ်ဖြစ်တော်မူခဲ့လေသည်။

ဆရာတော်သည် သိက္ခာတော်(၂၅)ဝါ ရသည့် အထိ ဆိပ်ခွန်ရွာ မဟာစည်ကျောင်းနှင့် မော်လမြိုင် တောင်ဝိုင်းကလေး ကျောင်းတိုက်တို့တွင် အခါအားလျော်စွာ သီတင်း သုံးနေထိုင်တော်မူ၍ ပရိယတ္တိ၊ ပဋိပတ္တိ သင်ကြားပို့ချ နည်းနာ ညွှန်ပြတော်မူခဲ့သည်။

၁၃၁၁–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၆) ရက်နေ့ (၁၀–၁၁–၁၉၄၉)တွင် ရန်ကုန်မြို့၊ ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့ချုပ်ကြီး၏ ပင့်ဆောင် ကိုးကွယ်မှုဖြင့် ရန်ကုန်မြို့၊ သာသနာ့ရိပ်သာသို့ ကြွရောက်တော်မူကာ (၁၃၁၁)ခုနှစ်၊ နတ်တော်လပြည့်နေ့ (၄–၁၂–၁၉၄၉)မှစ၍ ယောဂီများအား ဝိပဿနာတရား ဟောကြား ပြသတော်မူခဲ့သည်။ ရိပ်သာ၏ အမည်သည် “**မဟာစည်သာသနာ့ရိပ်သာ**” ဟု တွင်ခဲ့ လေသည်။

ဆရာတော်ဘုရားကြီးသည် ၁၃၁၅–ခုနှစ်တွင် “အဂ္ဂမဟာပဏ္ဍိတ” ဘွဲ့တံဆိပ်တော်ကို ဆက်ကပ် ခံယူရရှိ တော်မူသည်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် “ဆဋ္ဌသင်္ဂီတိပုစ္ဆက” တာဝန်ကို ဆောင်ရွက်တော်မူသည်။ ၎င်းအပြင် “ဆဋ္ဌသင်္ဂါ ယန ဩဝါဒကစရိယ၊ ဆဋ္ဌသင်္ဂါယနာဝန်ဆောင်အဖွဲ့၊ နိုင်ငံတော်ဩဝါဒါစရိယ” စသည့် သာသနာ့တာဝန် အရပ်ရပ်ကိုလည်း စွမ်းစွမ်းတမံ ကြိုးပမ်း ဆောင်ရွက်တော်မူခဲ့ လေသည်။ ထိုစဉ်က ဆဋ္ဌသင်္ဂီတိဝိသဇ္ဇက သည်ကား တိပိဋက ဆရာတော် “အရှင်ဝိစိတ္တသာရာဘိဝံသ”ပင်တည်း။

http://www.dhammadownload.com

၁၃၀၅–ခုနှစ်တွင် မဟာစည်ဆရာတော် စီရင်ရေး သားတော်မူသော ဝိပဿနာရှုနည်း ကျမ်းကြီးနှစ်တွဲသည် ကျော်စောထင်ရှား လှပေသည်။

ဆက်လက်ပြုစုသော ကျမ်းများနှင့် ဟောစဉ်တရား များမှ စာအုပ်အဖြစ်သို့ ရောက်ရှိလာသော ကျမ်းစာအုပ် ပေါင်းမှာ(၇၀)ကျော် ရှိပေသည်။

ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိစဉ် မြန်မာနိုင်ငံ အတွင်း မဟာစည် ဩဝါဒခံ ရိပ်သာခွဲပေါင်း (၃၀၀)ကျော်တည်ရှိခဲ့ပြီး၊ ကမ္ဘာအရပ်ရပ်တွင်လည်း သာသနာပြုရိပ်သာခွဲများကို တည်ထောင် ပေးတော်မူခဲ့သည်။ ဆရာတော်ဘုရားကြီး ပြသတော်မူသော ဝိပဿနာတရား ပွားများ ကျင့်ကြံအားထုတ်ပြီးသူ ရဟန်း, ရှင်, လူ ယောဂီ ဦးရေ(၇၀၀၀၀၀)ကျော်ရှိခဲ့လေသည်။

ဆရာတော်ဘုရားကြီးသည် အိန္ဒိယ၊ သီရိလင်္ကာ၊ နီပေါ၊ စင်္ကာပူ၊ မလေးရှား၊ ထိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား စသောအရှေ့တိုင်းနိုင်ငံများ နှင့် ဥရောပ၊ အင်္ဂလန်၊ အမေရိက စသောအနောက်နိုင်ငံ များအပါအဝင် ကမ္ဘာအရပ်ရပ်တို့မှ ပင့်ဖိတ် လျှောက်ထား ချက်များအရ ကြွရောက်တော်မူပြီးလျှင် ထေရဝါဒ ဗုဒ္ဓသာသနာတော် စည်ပင်ပြန့်ပွား ထွန်းကားရေးကို ဆောင်ရွက် တော်မူခဲ့လေသည်။

http://www.dhammadownload.com

ဆရာတော်ကြီးသည် သက်တော်(၇၈)နှစ်၊ သိက္ခာတော် (၅၈)ဝါ ရရှိသော ၁၃၄၄–ခုနှစ်၊ ဒုတိယဝါဆိုလပြည့် ကျော် (၁၀)ရက်၊ (၁၄–၈–၁၉၈၂)စနေနေ့တွင် မဟာစည် သာသနာ့ရိပ်သာ စံကျောင်း တော်၌ စုတိကမ္မဇရုပ် ချုပ်ငြိမ်း တော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီး စံလွန်တော်မူပြီးနောက် မဟာစည် ပဋိပတ္တိသာသနာ အရှိန်အဟုန်မပျက် ပြန့်ပွား လျက်ရှိရာ ၂၀၁၀– ပြည့်နှစ် စာရင်းအရ မြန်မာနိုင်ငံနှင့် ကမ္ဘာ အရပ်ရပ်တွင် မဟာစည် ဩဝါဒခံ ရိပ်သာခွဲ (၅၂၇)ကျော်မှ တရားအားထုတ်ပြီးသူ ရဟန်းနှင့် လူယောဂီ ဦးရေ (၃၇,၁၇,၀၇၃)ကျော် ရှိပြီဖြစ်ပါသည်။

-----

အပါယ်ဘေး ငြိမ်းခွင့်၊ ဉာဏ်အဆင့်၊ အသင့်ရောက်ပါစေ။
ထိုဉာဏ်ဖြင့်လဲ၊ မတော်ဘဲ၊ ဆင်းရဲငြိမ်းပါစေ။
ဖြစ်ပေါ်လာငြား၊ စိတ်ကြမ်းများ၊ ပယ်ရှားနိုင်ပါစေ။

http://www.dhammadownload.com

# ရန်ကုန်မြို့
# မဟာစည်သာသနာ့ရိပ်သာကြီး
# ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး
# သတ်မှတ်ပြဋ္ဌာန်းထားသော

# ယောဂီများလိုက်နာရန်
# စည်းမျဉ်းဥပဒေ

သက်စွန့်ကြိုးပမ်း တကယ်တမ်း အားထုတ်ဆဲ ယောဂီများနှင့် အား ထုတ်သူများအား အနှောက်အယှက် အန္တရာယ်မဖြစ်စေရန် အလို့ငှါ အောက်ပါ စည်းကမ်းဥပဒေများကို ဆရာတော် ထုတ်ပြန်အပ်ပါသည်။

၁။ အောက်ထစ်ဆုံးအားဖြင့် ရှစ်ပါးသီလနှင့် ပြည့်စုံ၍ ကြိုးကြိုးစားစား အားထုတ်သော ပုဂ္ဂိုလ်များသာလျှင် သာသနာ့ရိပ်သာကမ္မဋ္ဌာန်းကျောင်း များ၌ နေထိုင်ခွင့် ရကြရမည်။

၂။ အမြဲနေရာရရှိသော အချိန်ကာလအပိုင်းအခြားမှာ ဉာဏ်စဉ်တရားနာ ပြီးနောက် (၇)ရက်အထိ၊ သို့မဟုတ် ကြိုးကြိုးစားစား အားထုတ်ပါလျက် တရားမပြည့်စုံသေးသော သူ(၂)လအထိ၊ ဤမျှသာအခွင့်ရသည်ဟု မှတ်ယူရမည်။

http://www.dhammadownload.com



ဤအခွင့်ကာလ ကုန်လွန်ပြီးသော ယောဂီမှာ အားလပ်သော နေရာရှိမှသာလျှင် ဆက်လက်၍ နေထိုင်ခွင့်ရနိုင်သည်။ *(ခြွင်းချက်– တရားပြည့်စုံရန် နီးကပ်နေသောယောဂီအား နေထိုင်ခွင့်ရက်ပို ထပ်မံ၍ ပေးလိမ့်မည်၊ ဝါကပ်နေသော ရဟန်းများမှာ ဝါကျွတ်သည်အထိနေ ထိုင်ခွင့်ရသည်။ ကမ္မဋ္ဌာန်းဌာနအတွက် ကျေးဇူးများသော ပုဂ္ဂိုလ်အား သင့်လျော်သော နေရာ၌ အထူးနေထိုင်ခွင့်ပေးထားပေလိမ့်မည်။)*

၃။ နေရာပြောင်းရွှေ့ရန် အကြောင်းထူးပေါ်လာပါက ဝန်မလေးဘဲ ပြောင်းရွှေ့ပေးနိုင်ရမည်။

၄။ ထင်း၊အိုး၊ခွက် စသည်ကို ရှုတ်ထွေးစွာထားခြင်း၊ တိုက်ခန်းတွင်း၌ ချက် ပြုတ်ခြင်းများမရှိစေရ၊ သန့်ရှင်းစင်ကြယ်ရေးကို အလေးဂရုပြုရမည်။

၅။ အရေးကြီးသော အကြောင်းထူးမရှိဘဲ တရားလွတ်စကားများကို ပြောဆို မနေရ။

၆။ မပြောမဖြစ်၍ ပြောရပါလျှင် အခြားသူများမကြားအောင် တိုးတိုးသာသာ ပြောရမည်။ သို့သော် ကြာရှည်စွာကား ပြောဆို၍ မနေရ။

၇။ ကြာရှည်စွာပြောရန်ရှိလျှင် ကမ္မဋ္ဌာန်းကျောင်းမှ ဝေးရာသို့ သွား၍ပြော ရမည်။

၈။ ညှိသည်များကို ညှိခံစကားပြောရာမှာ ပိဋကတ်တိုက်အတွင်း၌သော်လည်းကောင်း၊ သို့မဟုတ် သင့်လျော်သော အခြားနေရာဌာန၌သော် လည်းကောင်းဖြစ်စေရမည်။

http://www.dhammadownload.com



၉။ သူတစ်ပါး၏ သမာဓိပျက်လောက်အောင် အသံမြည်စေသော အပြုအမူ များကို မပြုလုပ်ရ။

၁၀။ အကြောင်းမဲ့ လှည့်လည်သွားလာခြင်းမရှိစေရ၊ အထူးအားဖြင့် တစ်ပါး သောယောဂီများ၏ နေရာသို့ သွားရောက်၍ စကားပြောနေခြင်းကို အပြစ်အကြီးဆုံးဟု မှတ်ယူရမည်။

၁၁။ အထူးလေးစားရမည့်အချိန်မှာ နေ့(၁၂)နာရီမှ နံနက်(၅)နာရီ အထိဖြစ် သည်။ ဤအချိန်မှာ ကိစ္စငြိမ်း အားထုတ်ခွင့်ရသည့် အချိန်ထူးဖြစ်၍ ဤအချိန်များအတွင်း သူတစ်ပါးအားထုတ်မှု ပျက်လောက်အောင် ကျူးလွန်သူများကို အထူးအရေးယူလိမ့် မည်။

(ပုံ) မဟာစည်ဆရာတော်
၁၃၁၂–၃၊ တပို့တွဲလဆုတ်(၈)ရက်။
(၁–၃–၁၉၅၁)

http://www.dhammadownload.com

# ရန်ကုန်မြို့
# မဟာစည်သာသနာ့ရိပ်သာကြီး
# ယောဂီ ရဟန်းသာမဏေများလိုက်နာရန်
# စည်းမျဉ်းဥပဒေ

၁။ ပါတိမောက် သိက္ခာပုဒ်များ၌ လေ့လာသင်ကြား သိနားလည်ပြီး ဖြစ်ရမည်။

၂။ ဂရုက အာပတ်၌ သံသယကင်း၍ သီလဝိသုဒ္ဓိပြည့်စုံပြီးဖြစ်စေ ရမည်။

၃။ နိဿဂ္ဂိယ ပစ္စည်းများ လုံးဝကင်းရှင်းစေရမည်။

၄။ ပိန္နဲရောင် ညောင်ခေါက်ဆိုးရောင် သင်္ကန်းကိုသာ ဝတ်ရုံရမည်။

၅။ အံသကိုဋ်ဝတ်ခြင်း၊ ကွင်းသင်းပိုင်ဝတ်ခြင်း လုံးဝမပြုရ။

၆။ သပိတ်, သပိတ်အိတ်နှင့် နေရာထိုင်ခင်းများ ယူဆောင်လာရမည်။

၇။ ဝတ်ရုံ၍ စားသောက်မှု၊ သွားလာနေထိုင်မှုများမှာ ကြည်ညိုဖွယ် ဖြစ်စေရမည်။

၈။ ခုတင်ကျင့်ဝတ်များကို စွမ်းနိုင်သမျှ ကျင့်ဆောင်ရမည်။

http://www.dhammadownload.com



၉။ သမင်ဖြူ၊ ခရုသင်း စသောအနာကြီးရောဂါရှိသူ၊ မူးယစ်ဆေးသုံးစွဲသူ၊ ခြေလက်အင်္ဂါချွတ်ယွင်းသူ မဖြစ်စေရ။

၁၀။ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းတို့ကို အထူးရှောင်ကြဉ်ရမည်။

၁၁။ အကြောင်းမဲ့ လှည့်လည် သွားလာခြင်းမရှိစေရ၊ အထူးအားဖြင့် တခြားယောဂီများ၏ နေရာ အခန်းသို့ သွားရောက်၍ စကားပြော နေခြင်းကို အပြစ်အကြီးဆုံးဟု မှတ်ယူရမည်။

၁၂။ ညွှန်သည်များကို ညွှန်ခန်းဆောင်၌သာ အခြားသူများ မကြားအောင် တိုးတိုးသာသာ ပြောရမည်၊ ကြာရှည်စွာ စကားပြောဆို၍မနေရ။

၁၃။ သူတစ်ပါး၏ သမာဓိပျက်လောက်အောင် အသံမြည်စေသော အပြုအမူများကို မပြုလုပ်ရ။

၁၄။ တရားအားထုတ်စဉ်ကာလအတွင်း စာကြည့်ခြင်း၊ စာကျက်ခြင်း၊ ရှောင်ကြဉ်ရမည်။

၁၅။ ရေ–မီး စသောကျောင်းအသုံးအဆောင်များကို ရိုသေစွာ ဂရုစိုက် သုံးဆောင်ရမည်။

၁၆။ လပြည့်၊ လကွယ်နေ့တိုင်း သံဃဥပုသ်ပြုရမည်။

http://www.dhammadownload.com



၁၇။ တခြားသို့ သွားရန်ကိစ္စရှိလျှင် ကမ္မဋ္ဌာနာစရိယ ဆရာတော်နှင့် အဆောင်မှူးထံ လျှောက်ထား ပန်ကြား၍ သက်န်းရုံလျက်သာ ကြွသွားရမည်။

၁၈။ ကျွန်းမာပါလျက် မြင်းလှည်း၊ ဆိုက္ကားမစီးရ။

၁၉။ နေရာပြောင်းရွှေ့ရန် အကြောင်းထူးပေါ်လာပါက ဝန်မလေးဘဲ ပြောင်းရွှေ့ပေးနိုင်ရမည်။

၂၀။ ကမ္မဋ္ဌာနာစရိယဆရာတော်များနှင့် အဆောင်မှူးတို့၏ ဓမ္မဝိနယဖြင့် သတိပေး အသိပေးချက် များကို ဝမ်းမြောက် ဝမ်းသာ လိုက်နာရမည်။

(ပုံ) မဟာစည်ဆရာတော်
၁၃၁၃–ခု၊ဝါဆိုလဆန်း(၁)ရက်၊
(၄–၇–၁၉၅၁)

http://www.dhammadownload.com

# ဘတ္တဂ္ဂဝတ်
# အထက်–အောက် ဆွမ်းစားကျောင်းများ၌
# စားသောက်သုံးဆောင်သော
# ယောဂီများ အညီအမျှချမ်းသာကြစေရန်
# အောက်ပါညွှန်ကြားချက်များကို
# ရှိသေစွာ လိုက်နာကြရမည်။

## စည်းမျဉ်းဥပဒေ

၁။ ဘတ္တဂ္ဂဝတ် (ဆွမ်းစားရာကျင့်ဝတ်)နှင့်အညီ မထေရ်ကြီးတို့၏ နေရာ ၌ မထိုင်ရ၊ မိမိနှင့်ထိုက်တန်လောက်သော နေရာကို ရွေးချယ်၍ ထိုင်ရ မည်။

၂။ ဘတ္တဂ္ဂဝတ်၌ သံဃာအားလုံး တစ်ပြိုင်တည်းစားရန် ညွှန်ကြား ထား သည်နှင့်အညီ လက်ဦးရောက်နှင့်သောသူက မစားသေးဘဲ၊ ဟင်းများကို မထည့်သေးဘဲ ခေတ္တရှုမှတ်လျက် စောင့်ရ မည်၊ မိမိဝိုင်း၌ အခြားသူ (၂)ဦး၊ (၃)ဦးရောက်လာသော အခါ ကျမှ ဟင်းများကို မိမိသပိတ်ထဲ ခွက်ထဲ၌ ထည့်ရ စားရမည်။ မရှေးမနှောင်း ခပ်ညီညီ ရောက်နိုင်အောင်လည်း ယောဂီတိုင်းက ကြောင့်ကြစိုက်ရမည်။

၃။ ''ဘောဇနေမတ္တညုတာ– စားဖွယ်၌ အတိုင်းအရှည်ကိုသိရမည်'' ဟူသော ဒေသနာတော်နှင့်အညီ မိမိအတွက် ယူသင့် သုံးသင့်

http://www.dhammadownload.com

သော အတိုင်း အရှည်ကို သိရမည်၊ ဟင်း၊ မုံ့၊ သစ်သီး စသည်တို့ကို (၄)ဦးဝိုင်းဖြစ် လျှင် ၄–ပုံတစ်ပုံထက် ပို၍ မယူရ၊ ၅–ဦးဝိုင်းဖြစ်လျှင် ၅–ပုံတစ်ပုံထက် ပို၍မယူရ၊ ဟင်းစသည်ကို နောက်ထပ်လိုက်လာလျှင်လည်း ပထမ အကြိမ်မှ အောက် ထက်ဝက်မျှသာ ယူရမည်။ (ဤနေရာ၌ ထမင်းဆိုင် မှာ ဝယ်စားသူ၏ ဟင်းချွေတာသုံးစွဲပုံကိုလည်း သတိပြုရမည်။)

၄။ ဟင်းခွက်များကို မိမိအနီး၌သာ ဆွဲယူမထားရ၊ မိမိအတွက် ယူပြီးလျှင် အခြားသူများအနီးသို့ ပို့ပေးရမည်။

၅။ ဆွမ်းများ၊ ဟင်းများ အပိုအကျန် အလေအလွင့်မရှိအောင် သင့်တော် လောက်ရုံသာ မိမိ၏ သပိတ်၊ စားခွက်၌ ထည့်ရ မည်။ ထည့်ပြီး ဆွမ်း၊ ဆွမ်းဟင်းများ ကုန်သွား၍ လိုနေသေး လျှင်လည်း နောက်ထပ် သင့်တော် ရုံသာ ထည့်ရမည်၊ ဆွမ်း၊ဟင်း အပို–အကျန် များစွာတို့ကို သပိတ်၊ ခွက်တို့ဖြင့် သယ်ဆောင်မသွားရ။

၆။ ဆွမ်းလုတ်ကိုင်ယူတိုင်း၊ စားတိုင်း၊ ဝါးတိုင်း အမှတ်သတိ ပါအောင် ဂရုစိုက်ရမည်။

၇။ ဆွမ်းဝိုင်း၌ စကားမပြောရ၊ ဇွန်းသံ၊ပန်းကန်သံ မဆူညံရအောင် သတိပြု ရမည်။

၈။ သန့်ပြန့်စွာ စားသောက် သုံးဆောင်ရမည်၊ ဇွန်းဖြင့် ယူနိုင်ရာ၌ လက်ဖြင့် မနှိုက်ရ၊ လက်ဖြင့်နှိုက်သင့်ရာ၌လည်း လက်ကို ဆေးပြီးမှ နှိုက်ရမည်။

http://www.dhammadownload.com



၉။ ဆွမ်းဝိုင်းအနီး၌ ချွဲသလိပ်ဟပ်ခြင်း၊နှပ်ညှစ်ခြင်းစသော စက်ဆုပ်ဖွယ် အပြုမူမှုများကို မပြုရ၊ မလွှဲ မရှောင်သာသော အကြောင်းရှိပါက ဆွမ်း ဝိုင်းမှထ၍ သင့်တော်ရာ၌သာ ပြုရမည်။

၁၀။ ချောင်းဆိုးလို၊ နှာချေလိုလျှင်လည်း ဆွမ်းပွဲမှ မျက်နှာလွှဲလျက် ပါးစပ် ကို လက်ဖြင့်ကာလျက်သာ ထိုအမှုကိုပြုရမည်။

၁၁။ ဆိုင်ရာကို မပန်ကြားဘဲ ဖွန်း၊ ပန်းကန်၊ ခွက် တစ်စုံတစ်ခုကို ဆွမ်းစား ကျောင်းမှ တခြားသို့ ယူဆောင်မသွားရ၊ ခွင့်ပြုချက် အရသာ ယူဆောင်သွားလျှင်လည်း မကြာမီ(အချိန်မီ) ပြန်ပို့ရမည်။

၁၂။ ဆွမ်းခံကြွရန် တာဝန်ရှိသော ရဟန်းတော်သည် လုံလောက်သော အကြောင်းထူးမရှိပါမူ သံဃာ ညီညွတ်ရေးကို အလေးဂရုပြုသောအားဖြင့် ဆွမ်းခံ ကျင့်ဝတ်ကို မပျက်စေရ။

(ပုံ)မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ၊ရန်ကုန်
နေ့စွဲ။၁၃၃၅–ခုနှစ်၊ဝါဆိုလပြည့်ကျော်(၁၅)ရက်
(၂၉–၇–၁၉၇၃)

http://www.dhammadownload.com

# ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
# မဟာစည်သာသနာ့ရိပ်သာ၊ရန်ကုန်မြို့
# ဆိတ်ငြိမ်ကမ္မဋ္ဌာန်းကျောင်းဝင်၍
# တရားအားထုတ်ခြင်းနှင့် စပ်လျဉ်းသည့်
# စည်းမျဉ်းများ

## နိဒါန်း

၁။ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် မဟာစည် ရိပ်သာကြီးအတွင်း၌ ဆိတ်ငြိမ်ကမ္မဋ္ဌာန်းကျောင်းများ ဖြစ်ပေါ်လာရေးကို ဆန္ဒတော်မြတ် ရှိခဲ့သည့်အလျောက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီး၏ ကြိုးပမ်းမှုဖြင့် အလှူရှင်ပုဂ္ဂိုလ်များက ဆိတ်ငြိမ် ကမ္မဋ္ဌာန်းကျောင်းများကို ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။ မဟာစည် ဆရာတော်ဘုရားကြီး၏ ရည်ရွယ်ချက်မှာ တပည့် ယောဂီများအနက် ပါရမီရှိ၍ တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်သော တရားထူးများသို့ ဆိုက်ရောက်အောင် ကျင့်ကြံ ကြိုးစားအားထုတ်လိုသော ယောဂီများအား သင့်လျော် လျောက်ပတ်သော နေရာဌာနများတွင် တင်းတင်း ရင်းရင်း အားထုတ်ခွင့်ရှိစေရန် ဖြစ်ပါသည်။ဆိတ်ငြိမ်ကမ္မဋ္ဌာန်းကျောင်းများ ဖြစ်မြောက်ခဲ့ပြီးဖြစ်ရာ ယင်းကျောင်း များ၌ ဝင်ရောက် တရားအား ထုတ်လိုသော ရဟန်း၊ လူယောဂီများနှင့်ပတ်သက်၍ အောက်ပါ စည်းမျဉ်းများကို သတ်မှတ် လိုက်ပါသည်။

http://www.dhammadownload.com



တရားအားထုတ်မည့်ယောဂီများ စိစစ်ရွေးချယ်ရေးအဖွဲ့

၂။ မဟာစည်သာသနာ့ရိပ်သာ ဆိတ်ငြိမ်ကမ္မဋ္ဌာန်းကျောင်းသို့ ဝင်၍ အဆင့်မြင့် တရားအားထုတ်လိုသော ရဟန်းနှင့် အမျိုးသား ယောဂီများကို စိစစ် ရွေးချယ်ရန် အဖွဲ့တွင် အောက်ပါဆရာတော်နှင့် အဖွဲ့ကြီး(၂)ဖွဲ့မှ ဥက္ကဋ္ဌများ ပါဝင်ပါသည်။

(၁) နာယကအဖွဲ့၊ ဥက္ကဋ္ဌ (သို့မဟုတ်)အတွင်းရေးမှူး၊
(၂) ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌ(သို့)ဒုတိယဥက္ကဋ္ဌ
(၃) ဟိတေသီအဖွဲ့ ဥက္ကဋ္ဌ

ယောဘုယျစည်းမျဉ်းများ

၃။ (က) ဆိတ်ငြိမ် ကမ္မဋ္ဌာန်းကျောင်းတွင် တရားအားထုတ်သူများအတွက် အသက်အကန့်အသတ်မရှိပါ။

(ခ) မဟာစည်သာသနာ့ရိပ်သာကြီးတွင်ဖြစ်စေ၊ အခြား မဟာစည်ရိပ်သာ ခွဲများတွင်ဖြစ်စေ၊ တရားပြည့်စုံစွာ အားထုတ်၍ ဉာဏ်စဉ်နာပြီးသူ များဖြစ်ရမည်။

(ဂ) ပလိဗောဓနည်းနိုင်သမျှ နည်းစေရန်အပြင် လောကနှင့် ဆက်ဆံမှု နည်းအောင်ကြိုးစားရမည်။ သတင်းစာဖတ်ခြင်း၊ ရေဒီယိုနားထောင် ခြင်းများရှောင်ကြဉ်ရမည်။

(ဃ) အနည်းဆုံး(၃)လထက်မနည်း တဆက်တည်း အားထုတ်နိုင်ရမည်။

http://www.dhammadownload.com



(င) တရားဝင်လိုသူသည် သတ်မှတ်ထားသော ပုံစံကို ဖြည့်သွင်းလက် မှတ်ရေးထိုးပြီး တင်ပြရမည်။

(စ) ပုံစံနှင့်အတူ မဟာစည်သာသနာ့ရိပ်သာကြီးမှ ဖြစ်စေ၊ မဟာစည် ဩဝါဒခံ ရိပ်သာမှဖြစ်စေ ကမ္မဋ္ဌာန်းဆရာ၏ ထောက်ခံချက်ပါရှိ ရမည်။

(ဆ) နေထိုင်မကောင်းဖြစ်ပါက အဖွဲ့ချုပ်မှ ဆရာဝန်များ၏ ကုသမှုကို ခံယူနိုင်သည်။

(ဇ) ဆိတ်ငြိမ်ကမ္မဋ္ဌာန်းကျောင်းတွင် ယောဂီများပြည့်နေလျှင် ဆိုင်းငံ့ ဇယားအရ အစဉ်အတိုင်း စောင့်ဆိုင်းရမည်။

(ဈ) တရားအားထုတ်သောယောဂီသည် အချိန်ကာလ အလျောက် တိုးတက်မှုမရှိဟု ကမ္မဋ္ဌာန်းဆရာက ဆုံးဖြတ်ညွှန်ကြားလျှင် ညွှန်ကြားသည့် အတိုင်း နာခံ ရမည်။

<u>ဆွမ်း, စားရေးသောက်ရေး</u>

၄။ (က) ဆိတ်ငြိမ်ကမ္မဋ္ဌာန်းကျောင်းတွင် တရားအားထုတ်နေစဉ် အတွင်း ဆွမ်း/ထမင်းကို ချိုင့်ဖြင့်ပို့ပေးရန် စီစဉ်ပေးမည်။

(ခ) မိမိအစီအစဉ်ဖြင့် နေအိမ်မှ ထမင်းချိုင့်ပို့ပေးမည်ဆိုပါက ဆွမ်းစား ကျောင်းသို့ ပို့ပြီး၊ဆွမ်းစားကျောင်းမှ သက်ဆိုင်သူ ထံသို့ ပို့ပေး မည်။

http://www.dhammadownload.com



(ဂ) အထူးအရေးကြီးသော ကိစ္စရှိ၍ မိမိအိမ်သား (သို့မဟုတ်) ဧည့်သည် နှင့် တွေ့ဆုံရန် အကြောင်းရှိပါက ကမ္မဋ္ဌာန်းကျောင်းတာဝန်ခံက စီစဉ်ပေးသော နေရာတွင်သာ အချိန်အကန့်အသတ်ဖြင့် တွေ့ဆုံ ရန်စီစဉ်ပေးမည်။

(ဃ) ဆွမ်း အစား အစာအတွက် အခါအားလျော်စွာ ကျသင့်သော နှုန်း အတိုင်း လစဉ်ကြိုတင်လှူဒါန်းရမည်။

## တရားစစ်ဆေးခြင်းနှင့် ယောဂီက လျှောက်ထားရန်ရှိသည်များ

၅။ (က) ဆိတ်ငြိမ်ကမ္မဋ္ဌာန်းကျောင်း၌ တရားအားထုတ်သည့်ရဟန်း၊ လူ၊ ယောဂီများ အဆင့်မြင့်မြင့် တရားများကို အချိန်ပြည့် ကြိုးစား အားထုတ်နိုင်စေခြင်းငှါ၊ တစ်ပတ်လျှင် တစ်ကြိမ်(သို့မဟုတ်) နှစ်ကြိမ် နာယကဆရာတော် တစ်ပါးပါးက တရားစစ်ဆေးပေးရန် လျှောက်ထားပေးမည်။

(ခ) ယောဂီများက လျှောက်ထားလိုသော တရားနှင့်စပ်လျဉ်းသည့် ကိစ္စ များကို စာဖြင့်ရေးသား လျှောက်ထားနိုင်သည်။

http://www.dhammadownload.com

# သာသနမာမကကျောင်းသစ်၌

# နေထိုင်ခွင့်စည်းမျဉ်း

၁။ အခန်းရှင်များကိုယ်တိုင်နှင့် အိမ်သားများ တရားဝင်လိုပါက ပြုပြင်စရိတ် များကို မတောင်းခံဘဲ (၂)လအထိ နေခွင့်ပြုရန်။

၂။ ဩဝါဒါစရိယဆရာတော်နှင့် နေရာချထားရေး နာယက ဆရာတော်များက နေခွင့်ပေးလိုက်သော ရဟန်းတော်များကို ထားရန် ဩဝါဒပေးပါ လျှင်လည်း ပြုပြင်စရိတ်များ မတောင်းခံ ဘဲ (၂)လတာကာလ နေခွင့်ပြုရန်။

၃။ အခြားနေထိုင်လိုသော ရဟန်းယောဂီ၊ လူယောဂီများအတွက်ကို အဆောက်အဦး ပြုပြင်ထိန်းသိမ်းရန်အလို့ငှါ အခါအားလျော်စွာ သတ်မှတ်ထားသောငွေ အလှူခံ၍ ပြုပြင် ထိန်းသိမ်း ရံပုံငွေ ဖွင့်ပြီး ကောက်ခံရန်။

၄။ နေထိုင်မည့် ယောဂီများအားလုံးအား အဆောက်အဦး၊ အိမ်သာ၊ ရေချိုး ခန်း စသည်တို့ကို သန့်ရှင်းရေး အထူးဦးစားပေး၍ စံနစ်တကျ သုံးစွဲကြ ပါရန်၊ ဝင်လာချိန်၌ စည်းကမ်းများကို ရေးဆွဲ အသိပေးထားရန်။

၅။ ရိပ်သာမှ ထွက်ခွါသောအခါတွင် အခန်းသော့ကို သာသန မာမက၌ ရှိသော အဆောင်မှူးနာယက ဆရာတော်အား အပ်နှံ ခဲ့ရပါမည်။

http://www.dhammadownload.com

# တရားအားထုတ်မည့်ယောဂီများ

# လိုက်နာရန်

# စည်းကမ်းများ

http://www.dhammadownload.com

# မဟာစည်သာသနာ့ရိပ်သာကြီးတွင်
# တရားအားထုတ်မည့်ယောဂီများလိုက်နာရန်
# အထွေထွေစည်းကမ်းများ

ယောဂီသည် ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ သွန်သင်ဆုံးမ ဟောကြား ပြသတော်မူသော သတိပဋ္ဌာန် ရှုမှတ်ပွားများပုံ နည်း နိဿယအတိုင်း တရားရှုမှတ် အားထုတ်ရန် လာရောက်ခြင်းဖြစ်ရာ ဝိပဿနာ တရားထူး တရားမြတ်များ မှန်ကန်လျင်မြန်စွာ ရရှိစေခြင်းအလို့ငှါလည်းကောင်း၊ သက်စွန့်ကြိုးပမ်းအားထုတ်ဆဲ ယောဂီများအား အနှောက်အယှက် အန္တရာယ် မဖြစ်စေရန်အလို့ငှါလည်းကောင်း၊ ကျေးဇူးတော် ရှင်မဟာစည် ဆရာတော်ဘုရားကြီး ပြဋ္ဌာန်းသတ်မှတ်ပေးထားသော စည်းမျဉ်း နည်းဥပဒေ များကိုလေးစားလိုက်နာရန်အလို့ငှါလည်းကောင်း၊ အောက်ပါစည်းကမ်းများအတိုင်း သတိပြု လိုက်နာ၍ ရိပ်သာတွင်နေထိုင် တရားအားထုတ်ကြပါရန် –

၁။ ရှစ်ပါးသီလကို လုံအောင် စောင့်ထိန်း၍ တရားကို ကမ္မဋ္ဌာန်းဆရာများ ညွှန်ကြားချက်အတိုင်း ကြိုးကြိုးစားစားအားထုတ်ရမည်။

၂။ စတင်တရားဝင်ရောက်သောယောဂီများ ညနေ(၄)နာရီတွင် အလုပ်ပေးတရားနာကြရပါမည်၊ အလုပ်ပေးတရားမနာမီ

http://www.dhammadownload.com



ကန်တော့ကြရာတွင် (မဟာစည်သြကာသ)ဖြင့်ကန်တော့ကြရပါမည်။

၃။ တရားရှုမှတ်ရန် သတ်မှတ်ထားသော အချိန်တိုင်း၊ သတ်မှတ်ထားသော နေရာဌာနတွင် မပျက်မကွက် သွားရောက်အားထုတ်ရှုမှတ်ရပါမည်။

၄။ တရားစစ်ဆေးရန် သတ်မှတ်ထားသည့်အချိန်တိုင်း (ဥပုသ်နေ့မှ အပ နေ့စဉ်) တရားစစ်သော ဆရာတော်ထံ သွားရောက်တွေ့ဆုံ အစစ်ဆေး ခံရပါမည်။

၅။ အရေးတကြီး အကြောင်းထူးမရှိဘဲ တရားလွတ် စကားပြောဆိုခြင်း မပြုရ။

၆။ သူတစ်ပါး၏ သမာဓိပျက်အောင် အသံမြည်သော အပြုအမူများကို မပြုလုပ်ရ၊ ညှော်သည်များကိုလည်း မိမိအခန်း၌ ညှော်ခံစကာပြောခြင်းကို တားမြစ်သည်။

၇။ ရိပ်သာဝင်းအတွင်း နေထိုင်စဉ် ကက်ဆက်၊ ရေဒီယို၊ သီချင်းဖွင့်ခြင်း၊ တယ်လီဗေးရှင်များကြည့်ရှုခြင်း၊ နားထောင်ခြင်း၊ Internet ကြည့်ခြင်းများကို မပြုရ။

၈။ ရိပ်သာဝင်းအတွင်း နေထိုင်၍ တရားအားထုတ်နေစဉ် ကာလအတွင်း၌ ကွမ်းစား ခြင်း၊ဆေးလိပ်သောက်ခြင်းများကို ခွင့်မပြုပါ။

၉။ ဝင်းအတွင်း အကြောင်းမဲ့ လှည့်လည်ခြင်းမရှိစေရ၊ အထူးအားဖြင့် တစ်ပါး သောယောဂီများ၏ နေရာသို့ သွားရောက်၍ စကားပြောခြင်းကို အပြစ် အကြီးဆုံးဟု မှတ်ယူရမည်။

http://www.dhammadownload.com



၁၀။ အထူးလေးစားရမည့်အချိန်မှာ နေ့(၁၂)နာရီမှ၊ နံနက်(၅)နာရီ အထိဖြစ် သည်။ ဤအချိန်မှာ ကိစ္စငြိမ်း အားထုတ်ခွင့်ရသည့် အချိန်ထူးဖြစ်သည်။ ဤအချိန်တွင် သူတစ်ပါး အားထုတ်မှု ပျက်လောက်အောင် ကျူးလွန်သူ ကို အထူးအရေးယူခံရမည်။

၁၁။ ရိပ်သာဝင်း၏အပြင်သို့ လုံးဝထွက်ခွင့်မရှိပါ၊ မလွှဲမရှောင်သာ၍ အရေး ကြီးသောကိစ္စရှိပါက ကမ္မဋ္ဌာနာစရိယဆရာတော်ထံ လျှောက်ထားပန် ကြား၍ ခွင့်ပြုချက်ရရှိမှသာ ထွက်ခွင့်ရပါမည်။

၁၂။ ရိပ်သာတွင်း သတ်မှတ်ထားသော ယောဂီဝတ်စုံကိုသာ ဝတ်ဆင် ရပါမည်။

၁၃။ ရိပ်သာတွင်း တစ်နေရာမှ တစ်နေရာ သွားလာရာတွင် အမှတ်သတိဖြင့် သွားရပါမည်။

၁၄။ ယောဂီအချင်းချင်း စကားပြောခြင်း၊ တရားဆွေးနွေးခြင်း၊ မိတ်ဆက် ခြင်းမျိုး မပြုလုပ်ရပါ။

၁၅။ မပြောမဖြစ်၍ ပြောရပါလျှင် တိုးတိုးသာသာ ပြောရပါမည်။

၁၆။ အလွန်အရေးကြီးသော ကိစ္စမှတစ်ပါး မိဘ၊ဆွေမျိုး၊မိတ်ဆွေ စသည် တို့ကို လာရောက် လည်ပတ်ခြင်းမပြုရန် ကြိုတင် ပြောဆို ထားရပါမည်။

၁၇။ အရေးကြီးသောကိစ္စရှိလျှင် ညှိသည့်တွေ့ချိန် နံနက်(၉)နာရီမှ (၁၁) နာရီနှင့် ညနေ(၅)နာရီမှ(၆)နာရီအတွင်းသာ တွေ့ရမည်၊ ညှိခံစကား ပြောသည့်အခါ သတ်မှတ်ထား သော ညှိခန်းတွင် သာ လက်ခံစကားပြော ရမည်။

http://www.dhammadownload.com



၁၈။ (က) ဆွမ်းဟင်းများကို အညီအမျှခွဲဝေသုံးဆောင်ကြ ပါရန်၊ (ဥပမာ ၆–ဦးရှိသောဆွမ်းဝိုင်းတွင် ၆–ဦးမျှဝေ ကြပါရန်)

(ခ) ထမင်းစားသောလက်နှင့် ဟင်းခွက်နှိုက်ခြင်း မပြုကြပါရန်။

(ဂ) ဆွမ်း,ထမင်း,ဟင်းများကို ကုန်နိုင်သလောက်သာ ထည့်စားကြပါရန်။ (အလေအလွင့်မရှိစေရန်)

(ဃ) ထမင်းဝိုင်းတွင် နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ မှုတို့ကို သတိပြု ကြပါရန်။

(င) ဆွမ်းကျောင်းမှ မည်သည့်ပစ္စည်းမျှ ယူဆောင် သွားခြင်း မလုပ်ကြပါရန်။ (ထမင်း၊ဟင်း၊ဇွန်း၊ပုဂံ စသည်)

(စ) ထမင်းစားသည့်အခါ အသံမမြည်စေရန် အထူးအမှတ် သတိဖြင့် စားသောက်ရပါမည်။

၁၉။ မိမိနေထိုင်သည့် ကျောင်းဆောင်ရှိ တာဝန်ခံ အဆောင်မှူး၏ ညွှန်ကြား ချက်များကို လေးလေးစားစား လိုက်နာ ဆောင်ရွက်ရပါမည်။

၂၀။ အခန်းနေရာရွှေ့ရန် အကြောင်းထူးပေါ်လာပါက ဝန်မလေးဘဲ ပြောင်း ရွှေ့ပေးရပါမည်။

၂၁။ အဆောင်ကူးခြင်း၊ အခန်းကူးခြင်း လုံးဝမပြုလုပ်ရပါ။

၂၂။ အဆောင်တွင် မိမိအိပ်ယာ၊ နေရာထိုင်ခင်းများကို သန့်ရှင်းစွာထားရှိရပါမည်၊ အဝတ်အစား ပစ္စည်းများ ကိုလည်း စံနစ်တကျသေသပ်စွာ ထားရှိရပါမည်။

http://www.dhammadownload.com



၂၃။ အညစ်အကြေး စွန့်ပစ်ရာတွင်လည်း သန့်ရှင်းမှု ရှိစေရန်နှင့် ပစ္စည်းများ ပျက်စီးမှု ပိတ်ဆို့မှုမရှိစေရန် စံနစ်တကျစွန့်ပစ်ရပါမည်။

၂၄။ မလိုအပ်သော အချိန်အခါတွင် လျှပ်စစ်မီးကို အသုံးမပြုမိရန် သတိပြု ရပါမည်၊ အထူးသဖြင့် ရေချိုးခန်း အသုံးမပြုလျှင် မီးပိတ်ထားရန် သတိပြုရမည်။

၂၅။ အဆောက်အဦးအတွင်း၌ ချက်ပြုတ်စားသောက်ခြင်းကိုခွင့် မပြုပါ။

၂၆။ အခန်း ကြမ်းခင်းကို နေ့စဉ်သန့်ရှင်းရေးပြုလုပ်ရပါမည်။

၂၇။ ရေချိုးခန်း၊ မျက်နှာသစ်ခွက်၊ အိမ်သာ တို့ကို နေ့စဉ် ဆေးကြော သန့်ရှင်းပေးရမည်။

၂၈။ မိမိစွန့်ထားသော အလေး အပေါ့ အညစ်အကြေးအားလုံးကို တစ်ခါသုံးပြီးတိုင်း ရေဆွဲ၊ ရေဆေးပေးရပါမည်။

၂၉။ အိမ်သာတွင် ရေကိုသာ သန့်ရှင်းရေးအတွက် အသုံးပြုပါ၊ (အိမ်သာသုံး စက္ကူကိုမူခွင့်ပြုပါသည်။အခြားစက္ကူနှင့် ပစ္စည်း များ လုံးဝမသုံးရ၊မထည့်ရပါ။)

၃၀။ ရေ အလေအလွင့်မရှိစေရန် ရေပိုက်ခေါင်းများ အသုံးပြုပြီး တိုင်း သတိပြု၍ ပိတ်ပေးပါရန်။

၃၁။ နေခွင့်ရှိသူသာ နေခွင့်ရှိသည်၊ လူပိုအိပ်ခွင့်မပြုပါ။

၃၂။ စားပွဲ၊ ကုလားထိုင်၊ ကုတင် နှင့် ပရိဘောဂများကို မပျက်စီးစေ ရန် အသုံးပြုရမည်။

http://www.dhammadownload.com



၃၃။ အဖိုးတန်သော လက်ဝတ်လက်စား၊ ပစ္စည်းများ၊ ငွေအမြောက်အမြား ယူဆောင်လာခြင်းမပြုရ၊ ယူဆောင်လာပါက လုံခြုံရေးအတွက် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်ရုံးတွင်အပ်နှံထားသင့်ပါသည်။

၃၄။ လုံခြုံမှုအတွက် အခန်းမှ ထွက်ခွါတိုင်း ပြူတင်းတံခါးများကို ပိတ်ပြီး မင်းတုံးထိုး သော့ခတ်ပြီးမှ အခန်းတွင်းမှထွက်ခွါရန် သတိပြု ရပါမည်။

၃၅။ ရိပ်သာမှ ထွက်ခွါသောအခါ အခန်းသော့ကို အဆောင်မှူးအား အပ်နှံ ရမည်။

http://www.dhammadownload.com

# မဟာစည်

# ရတနာမြတ်ဘုရားရှိခိုး

# နှင့်

# မေတ္တာပို့နည်းအသွယ်သွယ်

http://www.dhammadownload.com

# ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

## အမှာစာ

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် သာသနာ့ရိပ်သာ၌ ဥပုသ်နေ့တိုင်းပင် နံနက်(၈)နာရီ(၃၀)မိနစ်၌ (၈)ပါးသီလပေးလေ့ ရှိပါသည်။ ဝါတွင်းဥပုသ်နေ့များ လပြည့်နေ့များနှင့် သင်္ကြန်ရက်များတွင် ဖလ်ယဥ်ဓမ္မာရုံ၌ပင် (၈)ပါးသီလပေးလေ့ရှိပါသည်။ ကျန်သောဥပုသ်နေ့များ၌မူ စံကျောင်းတော်အောက်ထပ်၌ပင် (၈)ပါးသီလပေးလေ့ရှိပါသည်။

ဆရာတော်ဘုရားကြီးသည် အခါကြီး–ရက်ကြီး ဥပုသ်နေ့များ၌ နမော တဿ သရဏဂုံ နှင့် (၈)ပါးသီလကို ပါဠိရောအနက်ကိုပါ ပို့ချပေးတော်မူသည့်အပြင်၊ သရဏဂုံအဓိပ္ပါယ်အဖွင့်၊ သီလအဓိပ္ပါယ်အဖွင့်တို့ကိုပါ ဟောကြားတော်မူလေ့ရှိပါသည်။

၁၃၄၃–ခု၊ ဝါဆိုလပြည့်ကျော်(၈)ရက်နေ့၌ ဆရာတော်ဘုရားကြီးသည် အစိန္တေယျ စသော ဘုရားရှိခိုးအရင်းခံသည့် ဂုဏ်တော်အဖွင့် ဘုရားရှိခိုးကို ရွတ်ဆိုတော်မူ၍ အရဟံဂုဏ်တော်၏ အဖွင့်ကို စတင်ဟောကြားတော်မူပြီးနောက် ဂုဏ်တော်အဖွင့်တို့ကို ဥပါသကာ ဥပါသိကာမ ယောဂီတိုင်းပင် ရွတ်ဆို ဘုရားရှိခိုးတတ်အောင် ဆောင်ရွက်ကြဖို့ သင့်သည်ဟု မိန့်တော်မူခဲ့ပါသည်။

http://www.dhammadownload.com



သို့ဖြစ်၍ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌကြီး ဦးပွင့်ကောင်း နှင့် ဒုတိယဥက္ကဋ္ဌ ဦးဘကလေးတို့သည် ဆရာတော်ဘုရားကြီး၏ ခွင့်ပြုချက်ကို ရယူ၍ ဆရာတော်ဘုရားကြီး ရေးသားတော်မူသော တရားစာအုပ် အမျိုးမျိုးတို့၌ ပါပြီးဖြစ်သော ဩကာသမူမှန်ကန်တော့ခန်း နှင့်တကွ ဘုရားဂုဏ်တော်(၉)ပါးရှိခိုး၊ တရားဂုဏ်တော်(၆)ပါးရှိခိုး၊ သံဃာ့ဂုဏ်တော်(၉)ပါးရှိခိုး၊ (အကျဉ်းနှင့်အကျယ်) ဉာဏ်စဉ်(၁၆)ပါးဘုရားရှိခိုး တို့ကို စုပေါင်း၍ "ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ရှိခိုးတော်မူလေ့ရှိသော ဘုရားရှိခိုးများ" ဟူသောအမည်ဖြင့် ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ်က ပုံနှိပ်ထုတ်ဝေခဲ့ပါသည်။ (၁၃၄၃-ခု၊ ဝါဆိုလပြည့်ကျော် ၁၀ ရက်၊ ၂၅-၈-၁၉၈၁)

ယခုအခါတွင် တရားအားထုတ်မည့်ယောဂီအသစ်များနှင့် တရားအားထုတ်ဆဲယောဂီများအတွက် အထက်ဖော်ပြပါစာအုပ်မှ အချို့ကို ကောက်နှုတ်၍လည်းကောင်း၊ နေ့စဉ် ရွတ်ဆိုရသော ရှစ်ပါးသီလ၊ ဆုတောင်း အမျှဝေနှင့် အခါအားလျော်စွာ ရွတ်ဆိုရသောဘုရားရှိခိုး၊ ပန်း၊ ဆီမီးကပ် လှူခြင်းများနှင့် ဆရာတော်ဘုရားကြီး ပွားများလေ့ရှိသော မေတ္တာပို့နည်းအသွယ်သွယ်ကိုပါ ဖြည့်စွက်၍ "ယောဂီများလိုက်နာရန် ဥပဒေ စည်းမျဉ်း စည်းကမ်းများနှင့် မဟာစည်ရတနာမြွတ်ဘုရားရှိခိုး၊ မေတ္တာပို့နည်းအသွယ်သွယ်" စာအုပ် တွင် ထည့်သွင်း ရိုက်နှိပ်ထုတ်ဝေအပ်ပါသည်။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊<br>
၁၃၇၃-ခုနှစ်၊တော်သလင်းလ၊<br>
၂၀၁၁-ခုနှစ်၊စက်တင်ဘာလ၊

http://www.dhammadownload.com

# မဟာစည်ကန်တော့ချိုး

ဩကာသ ဩကာသ ဩကာသ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း၊ ပပျောက်ငြိမ်း၍ အသက် ရှည်စွာ အနာမဲ့ရေး၊ ရန်ဘေးကင်းကြောင်း၊ ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှါ၊ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး၊ (ဆရာသမား)တို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော် မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

[ ဆုပေးမည့်ပုဂ္ဂိုလ်ရှိလျှင် ဤတွင်ရပ်ပါ ]

ဆုပေးမည့် ပုဂ္ဂိုလ်မရှိလျှင် အောက်ပါဆုတောင်းကို ဆက်၍ဆုတောင်းပါ။

ကန်တော့ရသော ကောင်းမှုကံ စေတနာတို့ကြောင့် အပါယ် ၄–ပါး၊ ကပ် ၃–ပါး၊ ရပ်ပြစ် ၈–ပါး၊ ရန်သူမျိုး ၅–ပါး၊ ဝိပတ္တိတရား ၄–ပါး၊ ဗျသနတရား ၅–ပါး၊ အနာမျိုး ၉၆–ပါး၊ မိစ္ဆာဒိဋ္ဌိ ၆၂–ပါး တို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်သာဖြစ်၍ မဂ်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားတော်မြတ်ကို လျင်မြန်စွာ ရလိုပါ၏ (အရှင်ဘုရား)။

မှတ်ချက်။ ။ ဤကန်တော့ခန်း၌ (ဆရာသမား)ဟူသော ဤစကား မှာ ဆရာသမားတို့ကို ကန်တော့သောအခါ၌ ထည့်ဆိုရန်ဖြစ်သည်။ မိခင် ဖခင် စသည်တို့ကို ကန်တော့သောအခါ၌မူကား မိခင်၊ဖခင်၊ အဘိုး၊ အဘွား၊ ဦးကြီး၊ အရီး၊ အဒေါ် စသည်ဖြင့် ဆိုင်ရာ ဆိုင်ရာ တို့ကို လဲလှယ်၍ ထည့်သွင်း၍ဆိုရမည်။

(အရှင်ဘုရား) ဟူသောစကားမှာလည်း ရတနာသုံးပါး၊ ရဟန်းသံဃာ တို့ကို ကန်တော့သောအခါ၌သာ ဆိုရန်ဖြစ်သည်။

http://www.dhammadownload.com



# ငါးပါးသီလ

## သီလတောင်း

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ ..............။

တတိယမ္ပိ ..............။

(**ဘန္တေ**–အရှင်ဘုရား၊ **မယံ**– တပည့်တော် တပည့်တော်မတို့သည်၊ **တိသရဏေန သဟ**– အားကိုးရာ ရတနာမြတ်သုံးပါးနှင့်တကွ၊ **ပဉ္စသီလံ**– ငါးပါးသီလကို၊ **ဓမ္မံယာစာမိ**– တောင်းပါ၏၊ **မေ**– တပည့်တော် တပည့်တော်မတို့ကို၊ **အနုဂ္ဂဟံ**– ချီးမြှောက်သောအားဖြင့်၊ **သီလံဒေထ**– ငါးပါးသီလ ပေးတော်မူပါဘုရား။)

## ဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော

သမ္မာ သမ္ဗုဒ္ဓဿ။

[ **အရဟတော**– ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ **သမ္မာသမ္ဗုဒ္ဓဿ**– သိစရာမှန်သမျှ တစ်စမကျန် သယမ္ဘူဉာဏ်ဖြင့် အမှန်အတိုင်း သိတော်မူသော၊ **တဿ ဘဂဝတော**– ထိုမြတ်စွာဘုရားအား၊ **နမော**– ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။ ]

http://www.dhammadownload.com



## သရဏဂုံ ဆောက်တည်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

### ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓံ – သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရားကို၊ သရဏံ – ဆင်းရဲပယ်ခွါ ချမ်းသာစေတတ် အမြတ်ရတနာ အားကိုးရာဟူ၍၊ ဂစ္ဆာမိ – ယုံကြည်ဆည်းကပ်ပါ၏ အရှင်ဘုရား။

### ဓမ္မံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ – မဂ်လေးတန်, ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ်၊ ဆယ်ပါးသော တရားတော်မြတ်ကို၊ သရဏံ – ဆင်းရဲပယ်ခွါ ချမ်းသာစေတတ် အမြတ်ရတနာ အားကိုးရာဟူ၍၊ ဂစ္ဆာမိ – ယုံကြည်ဆည်းကပ်ပါ၏ အရှင်ဘုရား။

http://www.dhammadownload.com



**သံဃံ သရဏံ ဂစ္ဆာမိ။**

**သံဃံ** – အရိယာရှစ်ဖော် သံဃာတော်နှင့် အရိယာနွယ်ဝင် သမ္မုတိ သံဃာတော်အရှင်မြတ်အပေါင်းကို၊ **သရဏံ** – ဆင်းရဲပယ်ခွါ ချမ်းသာစေတတ် အမြတ်ရတနာ အားကိုးရာဟူ၍၊ **ဂစ္ဆာမိ** – ယုံကြည်ဆည်းကပ်ပါ၏ အရှင်ဘုရား။

**၁။ မြတ်စွာဘုရားကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။**

**၂။ မြတ်စွာဘုရား၏တရားတော်မြတ်ကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။**

**၃။ မြတ်စွာဘုရား၏တပည့်သား သံဃာတော်မြတ်အပေါင်းကို အားကိုးရာဟူ၍ ယုံကြည် ဆည်းကပ် ပါ၏ဘုရား။**

## သီလဆောက်တည်

၁။ **ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။**
သတ္တဝါ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၂။ **အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။**
သူတစ်ပါး၏ ပစ္စည်းဥစ္စာကို မတရားယူခြင်းမှ ရှောင်ကြဉ်ပါ၏။

http://www.dhammadownload.com



၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

၅။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

မူးယစ်မေ့လျော့စေတတ်သော အရက်သေစာတို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏။

ဣဒံ မေ သီလံ မဂ္ဂဖလဉာဏဿ ပစ္စယော ဟောတု။

တပည့်တော် တပည့်တော်မတို့၏ ဤငါးပါးသီလသည် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်အား ကျေးဇူးပြုသော အကြောင်း အထောက်အပံ့ ဖြစ်ပါစေသတည်း။

http://www.dhammadownload.com



# ရှစ်ပါးသီလ

## သီလတောင်း

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ ...............။

တတိယမ္ပိ .............။

(**ဘန္တေ**–အရှင်ဘုရား၊ **မယံ**– တပည့်တော် တပည့်တော်မတို့သည်၊ **တိသရဏေန သဟ**– အားကိုးရာ ရတနာမြတ်သုံးပါးနှင့်တကွ၊ **အဋ္ဌင်္ဂသမန္နာဂတံ**– ရှစ်ပါးသီလကို၊ **ဓမ္မံယာစာမိ**–တောင်းပါ၏၊ **မေ**– တပည့်တော် တပည့်တော်မတို့ကို၊ **အနုဂ္ဂဟံ**– ချီးမြှောက်သောအားဖြင့်၊ **သီလံဒေထ**– ရှစ်ပါးသီလ ပေးတော်မူပါ ဘုရား။)

## ဘုရားရှိခိုး

**နမော တဿ ဘဂဝတော အရဟတော**

**သမ္မာသမ္ဗုဒ္ဓဿ။**

[ **အရဟတော**– ပူဇော်အထူးကို ခံယူတော်မူထိုက်သော၊ **သမ္မာသမ္ဗုဒ္ဓဿ**– သိစရာမှန်သမျှ တစ်စမကျန် သယမ္ဘုဉာဏ်ဖြင့် အမှန်အတိုင်း သိတော်မူသော၊ **တဿ ဘဂဝတော**– ထိုမြတ်စွာဘုရားအား၊ **နမော**– ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ အရှင်ဘုရား။ ]

http://www.dhammadownload.com



## သရဏဂုံ ဆောက်တည်

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

### ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

ဗုဒ္ဓံ – သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရားကို၊ သရဏံ – ဆင်းရဲပယ်ခွါ ချမ်းသာစေတတ် အမြတ်ရတနာ အားကိုးရာဟူ၍၊ ဂစ္ဆာမိ – ယုံကြည်ဆည်းကပ်ပါ၏ အရှင်ဘုရား။

### ဓမ္မံ သရဏံ ဂစ္ဆာမိ။

ဓမ္မံ – မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်၊ ပရိယတ်၊ ဆယ်ပါးသော တရားတော်မြတ်ကို၊ သရဏံ – ဆင်းရဲပယ်ခွါ ချမ်းသာစေတတ် အမြတ်ရတနာ အားကိုးရာဟူ၍၊ ဂစ္ဆာမိ – ယုံကြည်ဆည်းကပ်ပါ၏ အရှင်ဘုရား။

http://www.dhammadownload.com



**သံဃံ သရဏံ ဂစ္ဆာမိ။**

**သံဃံ** – အရိယာရှစ်ဖော် သံဃာတော်နှင့် အရိယာနွယ်ဝင် သမ္မုတိ သံဃာတော်အရှင်မြတ်အပေါင်းကို၊ **သရဏံ** – ဆင်းရဲပယ်ခွါ ချမ်းသာစေတတ် အမြတ်ရတနာ အားကိုးရာဟူ၍၊ **ဂစ္ဆာမိ** – ယုံကြည်ဆည်းကပ်ပါ၏ အရှင်ဘုရား။

၁။ မြတ်စွာဘုရားကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

၂။ မြတ်စွာဘုရား၏တရားတော်မြတ်ကို အားကိုးရာဟူ၍ ယုံကြည်ဆည်းကပ်ပါ၏ဘုရား။

၃။ မြတ်စွာဘုရား၏တပည့်သား သံဃာတော်မြတ်အပေါင်းကို အားကိုးရာဟူ၍ ယုံကြည် ဆည်းကပ် ပါ၏ဘုရား။

http://www.dhammadownload.com



# သီလဆောက်တည်

၁။ **ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

သတ္တဝါ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၂။ **အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

သူတစ်ပါး၏ပစ္စည်းဥစ္စာကို မတရားယူခြင်းမှ ရှောင်ကြဉ်ပါ၏။

၃။ **အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

မမြတ်သောအကျင့်ကို ကျင့်ခြင်းမှ ရှောင်ကြဉ်ပါ၏။

၄။ **မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

မမှန်သောစကားကို ပြောဆိုခြင်းမှ ရှောင်ကြဉ်ပါ၏။

၅။ **သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

မူးယစ်မေ့လျော့စေတတ်သော အရက်သေစာတို့ကို သောက်စားခြင်းမှ ရှောင်ကြဉ်ပါ၏။

၆။ **ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

နေမွန်းလွဲသောအခါမှစ၍ နောက်တစ်နေ့ အရုဏ်မတက်မီ အတွင်း စားဖွယ်သောက်ဖွယ်တို့ကို စားသောက်ခြင်းမှ ရှောင်ကြဉ်ပါ၏။

http://www.dhammadownload.com



**၇။ နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

သာသနာတော်နှင့်မလျော် ဆန့်ကျင် ပြောင့်တံကျင်သဖွယ် ဖြစ်သော ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်းတို့ကို ကြည့်ရှု နားထောင်ခြင်းမှ လည်းကောင်း၊ ပန်းပန်ခြင်း၊ အမွှေး နံ့သာလိမ်းကျံ ရှူရှိုက်ခြင်း၊ နံ့သာ မှုန့် အရောင်တင်ဆီ တို့ဖြင့် တင့်တယ်ပြေပြစ်အောင် ဖို့သိပ်ခြယ်သခြင်းမှလည်း ကောင်း ရှောင်ကြဉ်ပါ၏။

**၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။**

တစ်ထောင့်ထွာထက် ပို၍မြင့်သော အိပ်ရာနေရာ၊ အလွန် ကောင်းမွန် ခမ်းနားသော အိပ်ရာနေရာတို့၌ နေထိုင် အိပ်စက် ခြင်းမှ ရှောင်ကြဉ် ပါ၏။

**ဣဒံ မေ သီလံ မဂ္ဂဖလဉာဏဿ ပစ္စယော ဟောတု။**

တပည့်တော် တပည့်တော်မတို့၏ ဤရှစ်ပါးသီလသည် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်အား ကျေးဇူးပြုသော အကြောင်း အထောက်အပံ့ ဖြစ်ပါစေသတည်း။

http://www.dhammadownload.com



# ဘုရားဂုဏ်တော် (၉)ပါး

ဣတိပိ သော ဘဂဝါ

၁။ အရဟံ
၂။ သမ္မာသမ္ဗုဒ္ဓေါ
၃။ ဝိဇ္ဇာစရဏ သမ္ပန္နော
၄။ သုဂတော
၅။ လောကဝိဒူ
၆။ အနုတ္တရော ပုရိသဒမ္မသာရထိ
၇။ သတ္ထာ ဒေဝမနုဿာနံ၊
၈။ ဗုဒ္ဓေါ
၉။ ဘဂဝါ

၁။ **အရဟံ** – ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်တော်မူသော မြတ်စွာဘုရား။

၂။ **သမ္မာသမ္ဗုဒ္ဓေါ** – သိစရာမှန်သမျှ တစ်စမကျန် သယမ္ဘူဉာဏ်ဖြင့် အမှန်အတိုင်း သိတော်မူသောမြတ်စွာဘုရား။

၃။ **ဝိဇ္ဇာစရဏ သမ္ပန္နော** – အသိတရား အကျင့်တရားတို့နှင့် ပြည့်စုံ တော်မူသော မြတ်စွာဘုရား(ဝါ) ဝိဇ္ဇာ သုံးပါး၊ ဝိဇ္ဇာရှစ်ပါး စရဏတရား တစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

http://www.dhammadownload.com



၄။ **သုဂတော** – ကျိုးရှိဟုတ်မှန် နှစ်တန်သောစကားကိုသာ မိန့်ကြားတော် မူတတ်သော မြတ်စွာဘုရား (ဝါ) ကျိုးရှိဟုတ်မှန် သူခံသာ သောစကားနှင့် ကျိုးရှိ ဟုတ်မှန် သူမခံသာသောစကား ဤနှစ်ပါးကိုသာ မိန့်ကြားတောမူတတ်သော မြတ်စွာဘုရား။

၅။ **လောကဝိဒူ** – သတ္တလောက၊ ဩကာသလောက၊ သင်္ခါရ လောက တည်းဟူသော လောကသုံးခွင်ကို အကုန်အစင်သိမြင် တော်မူသော မြတ်စွာ ဘုရား။

၆။ **အနုတ္တရော ပုရိသ ဒမ္မသာရထိ** – မယဉ်ကျေးကြဉ်ကြား သတ္တဝါများကို ယဉ်ပါးလေအောင် သွေးဆောင် ဆုံးမခြင်း၌ တုဖက်ကင်း တော်မူသော မြတ်စွာ ဘုရား။

၇။ **သတ္ထာ ဒေဝမနုဿာနံ** – လူနတ်ပြဟ္မာသတ္တဝါတို့၏ ဆရာတစ်ဆူ အစစ်ဖြစ်တော်မူသော မြတ်စွာ ဘုရား။

၈။ **ဗုဒ္ဓေါ** – သစ္စာလေးပါး အမှန်တရားကို ပိုင်းခြားထင်ထင် သိမြင်တော် မူသော မြတ်စွာဘုရား(ဝါ) သစ္စာ လေးအင် ကိုယ်တိုင်မြင်၍ များဖြင်ဝေနေ တပည့် တွေကိုလည်း သိစေတော် မူသော မြတ်စွာ ဘုရား။

http://www.dhammadownload.com



၉။ **ဘဂဝါ** – ဣဿရိယစသည့် ဘုန်းခြောက်လီနှင့် စုံညီ ပြည့်ဝတော်မူသောမြတ်စွာဘုရား။

(က) ကိုယ်တော်မြတ်၏ စိတ်တော်ကို စိုးပိုင်နိုင်နင်း တော်မူခြင်းတည်းဟူသော ဣဿရိယ ဘုန်း တော်။

(ခ) မဂ်ဖိုလ်နိဗ္ဗာန်ကိုးတန်သော လောကုတ္တရာတရား တည်းဟူသော ဓမ္မ ဘုန်းတော်။

(ဂ) ဟုတ်တိုင်းမှန်စွာ သုံးဖြာသော လောကတွင် ပျံ့နှံ့ ကျော်စောရခြင်းတည်းဟူသော ယသ ဘုန်းတော်။

(ဃ) အင်္ဂါကြီးငယ် တင့်တယ်ပြည့်ဖြိုး အချိုးတကျ သပ္ပါယ်တော်မူလှခြင်း တည်းဟူသော သိရီ ဘုန်းတော်။

(င) အလိုတော်ရှိတိုင်း မဆိုင်းခဏ ပြီးစီးတော်မူရခြင်းတည်းဟူသောကာမ ဘုန်းတော်။

(စ) အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တိုင်အောင် ရစေနိုင်သည့် ကြံ့ခိုင်ကြီးမားသော ဝီရိယတော် တည်းဟူသော ပယတ္တ ဘုန်းတော်။

ဤဘုန်းတော်ခြောက်စုံနှင့် ကုံလုံပြည့်ဝ တော်မူသောမြတ်စွာဘုရား။

http://www.dhammadownload.com



ဤသို့လျှင် အရဟံ စသား ဂုဏ်ကိုးပါးနှင့် ထူးခြားကုံလုံ ပြည့်စုံ တော်မူသော မြတ်စွာဘုရားကို တပည့်တော်သည် ကြည်ညိုမြတ်နိုး လက် အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

-----

## တရားဂုဏ်တော် (၆)ပါး

၁။ သွာက္ခာတော ဘဂဝတာ ဓမ္မော

၂။ သန္ဒိဋ္ဌိကော

၃။ အကာလိကော

၄။ ဧဟိပဿိကော

၅။ ဩပနေယျိကော

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

၁။ **ဘဂဝတာ ဓမ္မော** – ရှင်တော်မြတ်ဘုရား ဟောမိန့်ကြားသည့် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်၊ ပရိယတ် အားဖြင့် ဆယ်ပါးသော တရားတော်မြတ်သည်။ **သွာက္ခာတော**– နာစဉ်ချမ်းသာ ကျင့်ချမ်းသာ၍ ချမ်းသာမြတ်မှန် အေးနိဗ္ဗာန်ဟု သုံးတန်ကောင်းခြင်း ပြည့်စုံလျှင်းအောင် ရှင်းလင်းဟောကြားတော်မူအပ်သော တရားတော်မြတ် ပါပေတည်း။

http://www.dhammadownload.com



၂။ **ဘဂဝတာ မေ့ာ** – ရှင်တော်မြတ်ဘုရား ဟောမိန့်ကြားသည့် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန် အားဖြင့် ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်သည်။ **သန္ဒိဋ္ဌိကော** –သူများပြောကြားစကားနှင့်မျှ မယုံရဘဲ ကျနုကိုယ်တိုင် သိမြင်နိုင်သော တရားတော်မြတ်ပါပေတည်း။

၃။ **ဘဂဝတာ မေ့ာ** – ရှင်တော်မြတ်ဘုရား ဟောမိန့်ကြားသည့် မဂ်လေးပါး၊ တရားတော်မြတ်သည်။ **အကာလိကော**– အချိန်မလင့် မဖင့်မနှေး ချက်ချင်း အကျိုးပေးသော တရားတော်မြတ်ပါပေတည်း။

၄။ **ဘဂဝတာ မေ့ာ** – ရှင်တော်မြတ်ဘုရား ဟောမိန့်ကြားသည့် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန် အားဖြင့် ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်သည်။ **ဧဟိပဿိကော**– လာခဲ့စမ်းပါ ရှုစမ်းပါဟု ဝမ်းသာရွှင်လို့က် ဖိတ်ခေါ်ထိုက်သော တရားတော်မြတ်ပါပေတည်း။

http://www.dhammadownload.com



၅။ **ဘဂဝတာ ဓမ္မော** – ရှင်တော်မြတ်ဘုရား ဟောမိန့်ကြားသည့် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်သည်။ **ဩပနေယိကော** – အဝတ်ဥသျှောင် မီးလောင်သော်လည်း မသတ်ဘဲနှင့် စိတ်ထဲရောက်အောင် ကပ်ဆောင်ထိုက်သော တရားတော်မြတ်ပါပေတည်း။

၆။ **ဘဂဝတာ ဓမ္မော** – ရှင်တော်မြတ်ဘုရား ဟောမိန့်ကြားသည့် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ နိဗ္ဗာန်အားဖြင့် ကိုးပါးသော လောကုတ္တရာ တရားတော်မြတ်သည်။ **ဝိညူဟိ** – သစ္စာ သိမြင်ပညာရှင်ရှစ်ပါး အရိယာများသည်သာလျှင်။ **ပစ္စတ္တံ ဝေဒိတဗ္ဗော** – ကိုယ်စီကိုယ်၌ သိရခံစားရ သော တရားတော်မြတ်ပါပေတည်း။

ဤသို့လျှင် သွာက္ခာတ စသား ဂုဏ်ခြောက်ပါးနှင့် ထူးခြား ကုံလုံ ပြည့်စုံတော်မူသော တရားတော်မြတ်ကို တပည့်တော်သည် ကြည်ညိုမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

http://www.dhammadownload.com



# သံဃာ့ဂုဏ်တော် (၉)ပါး

၁။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
၂။ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
၃။ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
၄။ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ
ဧသဘဂဝတော သာဝကသံဃော
၅။ အာဟုနေယျော
၆။ ပါဟုနေယျော
၇။ ဒက္ခိဏေယျော
၈။ အဉ္ဇလိကရဏီယော
၉။ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

ဘဂဝတော သာဝကသံဃော –မြတ်စွာဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏ တပည့်သားမော် အရိယာသံဃာတော်သည် –

၁။ **သုပ္ပဋိပန္နော** – ကိလေသာငြိမ်းကြောင်း ကောင်းစွာ ကျင့်ကြံတော်မူပါပေ၏။

၂။ **ဥဇုပ္ပဋိပန္နော** – သာဓေ့ မာယာ ကင်းစင်ကွာ၍ ဖြောင့်စွာ ကျင့်ကြံတော်မူပါပေ၏။

http://www.dhammadownload.com



၃။ ဉာယပ္ပဋိပန္နော – နိဗ္ဗာန်အကျိုး မျှော်ကိုးရည်သန် ကျင့်ကြံတော်မူပါပေ၏။

၄။ သာမိစိပ္ပဋိပန္နော– မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကြောင့် တုပ်ဝပ်ရှိသေ လျော်ကန်အောင် ကျင့်ကြံတော်မူပါပေ၏။

**ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ ဧသဘဂဝတော သာဝကသံဃော။**

– အစုံလေးပါး သီးခြားရှစ်ဖော် မြတ်ဘုရား၏ တပည့် သားမော် အရိယာသံဃာတော်သည်–

၅။ အာဟုနေယျော – အဝေးမှဆောင်ယူ ပစ္စည်းကိုမူလည်း ပေးလှူခြင်းငှါ ထိုက်တော်မူပါပေ၏။

၆။ ပါဟုနေယျော – ညှေ့သည်ဖို့ရာ ရည်ကာဆောင်ထား ပစ္စည်းများပင် စိတ်ထားဖြူစင် ပေးလှူခြင်းငှါ ထိုက်တော် မူပါပေ၏။

http://www.dhammadownload.com



၇။ **ဒက္ခိဏေယျော** – တမလွန်စခန်း ကောင်းဖို့မှန်း၍ လှူဒါန်းခြင်းငှါ ထိုက်တော်မူပါပေ၏။

၈။ **အဉ္ဇလီကရဏီယော** – ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးခြင်းငှါ ထိုက်တော်မူပါပေ၏။

၉။ **အနုတ္တရံ ပုညက္ခေတ္တံ လောကဿ** – နတ်လူအများ ကောင်းမှုပွားဖို့ ကြဲထားပျိုးချ တုမရသည့် ကောင်းလှလယ်မြေ ယာမြေပမာ ဖြစ်တော်မူပါပေ၏။

ဤသို့လျှင် သုပ္ပဋိပန္န စသည်အပြား ဂုဏ်ကိုးပါးနှင့် ထူးခြားကုံလုံ ပြည့်စုံတော်မူသော အရိယာရှစ်ဖော် သံဃာတော်နှင့် အရိယာနွယ်ဝင် သမ္မုတိထေရ်အရှင်တို့ကို တပည့်တော်သည် ကြည်ညိုမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးကန်တော့ပါ၏ အရှင်ဘုရား။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး
စီစဉ်ခဲ့သော
ဆွမ်း,သစ်သီး,ဆီမီး,ရေချမ်း,ပန်း ကပ်နှင့်
# ဆုတောင်းအမျှဝေ

――――――――

## ဆွမ်း

လွန်ကဲထူးလှ၊ ဂုဏ်ပေါင်းခသည့်၊ သီလသမာ၊ ပညာဝိမုတ္တိ၊ ဝိမုတ္တိဉာဏ၊ ဒဿနဂုဏ်၊ ပြည့်စုံကြွယ်ဝြား၊ မြတ်ဘုရားအား၊ လေးပါး အာသဝ၊ ကင်းပကုန်ရာ၊ မြတ်ချမ်းသာကို၊ မျှော်ကာ တောင့်တ၊ ရောက်ရအံ့ ဟု၊ အနံ့ လည်းသင်း၊ အဆင်းလည်းလှ၊ ပြည့်ဝဩဇာ၊ ဆွမ်းဟင်း လျာနှင့်၊ ရသာမွေးကြူ၊ ဆွမ်းဖွေးဖြူကို၊ ပေးလှူပါ ၏။ ဆက်ပါ၏ မြတ်စွာဘုရား...

## သစ်သီး

လွန်ကဲထူးလှ၊ ဂုဏ်ပေါင်းခသည့်၊ သီလသမာ၊ ပညာဝိမုတ္တိ၊ ဝိမုတ္တိဉာဏ၊ ဒဿနဂုဏ်၊ ပြည့်စုံ ကြွယ်ဝြား၊ မြတ်ဘုရားအား၊ လေးပါး အာသဝ၊ ကင်းပကုန်ရာ၊ မြတ်ချမ်း

http://www.dhammadownload.com



သာကို၊ မျှော်ကာ တောင့်တ၊ ရောက်ရအံ့ ဟု၊ အနန့်လည်းသင်း၊ အဆင်းလည်းလှ၊ ပြည့်ဝသြဇာ၊ ရသာကောင်းချို၊ သီးမျိုးစုံကို၊ ယုံကြည် သဒ္ဓါ၊ စေတနာဖြင့်၊ ဝေဖြာရွှင်လန်း၊ သစ်သီးဆွမ်းကို၊ လှူဒါန်း ဆက်ကပ်ပါ၏ဘုရား ……

## ဆီမီး

လွန်ကဲထူးလှ၊ ဂုဏ်ပေါင်းခသည့်၊ သီလသမာ၊ပညာဝိမုတ္တိ၊ ဝိမုတ္တိဉာဏ၊ ဒဿနဂုဏ်၊ ပြည့်စုံကြွယ်ငြား၊ မြတ်ဘုရားအား၊ လေးပါး အာသဝ၊ ကင်းပကုန်ရာ၊ မြတ်ချမ်းသာကို၊ မျှော်ကာ တောင့်တ၊ ရောက်ရပါလို၊ အမှောင်ကိုခွင်း၊ ဉာဏ်လင်းဆောင်ယူ၊ မီးအလှူကို၊ ပေးလှူပါ၏၊ ဆက်ကပ်ပါ၏၊ မြတ်စွာဘုရား …..

## ရေချမ်း

လွန်ကဲထူးလှ၊ ဂုဏ်ပေါင်းခသည့်၊ သီလသမာ၊ပညာဝိမုတ္တိ၊ ဝိမုတ္တိဉာဏ၊ ဒဿနဂုဏ်၊ ပြည့်စုံ ကြွယ်ငြား၊ မြတ်ဘုရားအား၊ လေးပါး အာသဝ၊ ကင်းပကုန်ရာ၊ မြတ်ချမ်းသာကို၊ မျှော်ကာ တောင့်တ၊ ရောက်ရပါလို၊ အေးချိုကြည်လန်း၊ မြတ်ရေချမ်းကို၊ လှူဒါန်းပါ၏၊ ဆက်ကပ်ပါ၏၊ မြတ်စွာဘုရား ….

http://www.dhammadownload.com



## ပန်း

လွန်ကဲထူးလှ၊ ဂုဏ်ပေါင်းခသည့်၊ သီလသမာ၊ပညာဝိမုတ္တိ၊ ဝိမုတ္တိဉာဏ၊ ဒဿနဂုဏ်၊ ပြည့်စုံ ကြွယ်ပြား၊ မြတ်ဘုရားအား၊ လေးပါး အာသဝ၊ ကင်းပကုန်ရာ၊ မြတ်ချမ်းသာကို၊ မျှော်ကာ တောင့်တ၊ ရောက်ရအံ့ဟု၊ အနံ့လည်းသင်း၊ အဆင်းလည်းလှ၊ တောက်ပလန်းဆန်း၊ ရောင်စုံပန်းကို၊ လှူဒါန်းပါ၏၊ ဆက်ကပ်ပါ၏၊ မြတ်စွာဘုရား .....

## ဆုတောင်း

ဆွမ်း, သစ်သီးနှင့် ဆီမီး, ရေချမ်း, ပန်းလှူပါရ၊ ဤပုညကြောင့်၊ ဘဝကုန်ရာ၊ နိဗ္ဗူတာသို့၊ ရောက်ပါရလို၊ တောင်းဆုဆိုသည်၊ မဂ်ဖိုလ်နိဗ္ဗာန် ရောက်စေသော် .....

## အမျှဝေ

ဆွမ်း, သစ်သီးနှင့် ဆီမီး, ရေချမ်း, ပန်းလှူပါရ ၊ဤပုညကို၊ မိဘ ဆရာ၊ ဉာတကာနှင့်၊ ဖြဟ္မာ သကြား၊ အစထား၍၊ အများသတ္တဝါ၊ မျှဝေပါသည်၊ ရစေသာဓု ခေါ်စေသော် .....

http://www.dhammadownload.com

# ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ဒေသကင်း၊ရန်ကင်း၊ပါရမီဖြစ် ကုသိုလ်ဖြစ် မေတ္တာပွားများပုံ

တွေ့မြင်သမျှလူတွေကို အာရုံပြုပြီး "ချမ်းသာကြပါစေ၊ ချမ်းသာကြပါစေ"လို့ ဒီလိုလဲ ပွားများနိုင်ပါတယ်။ အမိ အဘ ဆရာ သမားစသည်ကို အာရုံပြုပြီးတော့ ချမ်းသာကြပါစေလို့ ဒီလိုလဲ ပွားများနိုင်ပါတယ်၊ ကိုယ်မေတ္တာပို့ချင်တဲ့လူတွေကို အာရုံပြုပြီး တော့ တို့အိမ်ကလူတွေ ချမ်းသာကြပါစေ၊ တို့အရပ်ကလူတွေ ချမ်းသာကြပါစေ၊ တို့မြို့က၊တို့ရွာက လူတွေ ချမ်းသာကြပါစေ၊ စသည်ဖြင့်လည်း ပွားများနိုင်ပါတယ်။ တစ်ဦး တစ်ယောက်ကို ဖြစ်စေ၊ အများကိုဖြစ်စေ၊ အာရုံပြုပြီး ဒီလိုတစ်ကြိမ် နှလုံးသွင်း လျှင် ပါရမီကုသိုလ်တစ်ကြိမ်ဖြစ်တယ်၊ ဆယ်ကြိမ်နှလုံးသွင်းလျှင် ဆယ်ကြိမ်ဖြစ်တယ်၊ အကြိမ်တစ်ရာနှလုံးသွင်းလျှင် အကြိမ်တစ် ရာဖြစ်တယ်၊ သွားရင်း လာရင်းလဲ မေတ္တာကို ပွားများနိုင်ပါတယ်။

ဒါပေမယ့် အထူးသတိပြုဖို့ကတော့ ချမ်းသာကြပါစေလို့ စိတ်နဲ့သာ မေတ္တာပွားပြီးတော့ သူတစ်ပါးတွေ နားမချမ်းသာအောင် ဆင်းရဲဒုက္ခရောက်အောင် ပြောဆို ပြုလုပ်နေလျှင်တော့ အဲဒါဟာ မေတ္တာအစစ်မဖြစ်ဘူး၊ စိတ်နဲ့ချမ်းသာပါစေလို့ မေတ္တာပို့တဲ့အတိုင်း ကိုယ်နဲ့ နှုတ်နဲ့ရော သူတစ်ပါးချမ်းသာအောင် တတ်နိုင်သမျှ ဆောင်ရွက်နိုင်မှ မေတ္တာအစစ် အောင်အောင်မြင်မြင် ဖြစ်တယ်လို့ လဲ မှတ်ရမယ်။

http://www.dhammadownload.com

# ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီး၏ ၅၂၈–သွယ် မေတ္တာပို့

ကျယ်ပြန့်တဲ့ ငါးရာနှစ်ဆယ်ရှစ်သွယ် မေတ္တာပို့ပုံကို အတိုချုံးပြီး ပြောရဦးမယ်၊

သဗ္ဗေသတ္တာ– အားလုံးသောသတ္တဝါတွေ၊ အဝေရာဟောန္တု– ရန်ကင်းကြပါစေ၊ ဒီလိုနှလုံးသွင်းတာက မေတ္တာတစ်ပါး၊ အဗျာပဇ္ဇာ ဟောန္တု – စိတ်ဆင်းရဲ ကင်းကြပါစေ၊ ဒါကလဲ မေတ္တာတစ်ပါး၊ (စိတ်ဆင်းရဲဆိုတာ စိတ်ညစ်တာ၊ စိတ်ပူတာ၊ ဝမ်းနည်းတာ၊ ကြောက်လန့်တာ၊ ချစ်တဲ့သူတွေနဲ့ ကွဲနေရလို့ စိုးရိမ်ပူဆွေးနေတာ၊ စီးပွားဥစ္စာတွေ ဆုံးရှုံးပျက်စီးလို့ စိတ်နှလုံးထိခိုက်နေတာ ဒီလိုဟာတွေပါဘဲ၊ အဲဒီလို စိတ်ဆင်းရဲတွေ ကင်းကြပါစေလို့ ဆိုလိုပါတယ်။) အနီဃာ ဟောန္တု – ကိုယ်ဆင်းရဲကင်းကြပါစေ၊ ဒါ ကလဲ မေတ္တာတစ်ပါး၊ သုခီအတ္တာနံ ပရိဟရန္တု – ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ဆောင်ရွက်နိုင်ကြပါစေ၊ ဒါကလည်း မေတ္တာတစ်ပါး၊ (သတ္တဝါတွေမှာ မိမိတို့ ခန္ဓာဝန်ကို ဆောင်ရွက်နေကြရတာဟာ အင်မတန်ဝန်လေးပါတယ်၊ ဒီခန္ဓာဝန်အတွက် စားဝတ်နေရေး၊ ကျန်းမာရေး ပြည့်စုံအောင် ရှာကြံနေကြရတာဟာ အင်မတန်ဆင်းရဲပါတယ်၊ အဲဒီ ဆင်းရဲဒုက္ခတွေမှ ကင်းဝေးပြီး ချမ်းချမ်းသာသာနဲ့ မိမိတို့ ခန္ဓာဝန်ကို ဆောင်ရွက်နိုင်ကြပါစေလို့ ဆို

http://www.dhammadownload.com



လိုပါတယ်။) အဲ ယခုပြောခဲ့တဲ့ဟာတွေဟာ သတ္တဝါအားလုံးကို အာရုံပြုပြီး မေတ္တာပွားပုံ(၄)ပါးတဲ့။

ထို့အတူဘဲ သဗ္ဗေပါဏာ–အားလုံး အသက်ရှိသူတွေ။ သဗ္ဗေဘူတာ – အားလုံးထင်ရှားဖြစ်သူတွေ၊ သဗ္ဗေပုဂ္ဂလာ – အားလုံး ပုဂ္ဂိုလ်တွေ၊ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ – အားလုံး ခန္ဓာကိုယ် အတ္တဘော ရှိသူတွေ – ဆိုတဲ့၊ ဒီ ၄–ပုဒ်နဲ့လဲ ခုနက မေတ္တာ ပွားပုံ ၄–ပါးကို အသီးအသီးတွဲပြီး မေတ္တာပို့ရပါတယ်၊ ဒါကြောင့် မူလပုဒ်ငါးခုကို ခုနက မေတ္တာလေးလီနဲ့ မြှောက်လိုက်လျှင် မေတ္တာ ပေါင်း ၂၀–ရပါတယ်၊ အဲဒါတွေဟာ သတ္တဝါအားလုံးကိုချည်း ရည်ညွှန်းတဲ့အတွက် အနောဓိသမေတ္တာလို့ ခေါ်ပါတယ်။ အပိုင်း အခြား အကန့်အသတ်မရှိတဲ့ မေတ္တာလို့ ဆိုလိုပါတယ်။

နောက်ပြီးတော့ သဗ္ဗာ ဣတ္ထိယော–အားလုံးသော အမျိုးသမီး တွေ စသည်ဖြင့် ၂–ပိုင်းစီခွဲပြီး ပို့တာက ၄–ပုဒ်၊ ၃–ပိုင်းခွဲပြီးပို့ တာက ၃–ပုဒ်၊ ပေါင်း ၇–ပုဒ်ရှိသေးတယ်၊ အဲဒီ ၇–ပုဒ်ကိုလဲ အဝေရာဟောန္တု – ရန်ကင်းကြပါစေ အစရှိတဲ့ မေတ္တာပွားပုံ လေးလီနဲ့ မြှောက်လိုက်တော့ ၂၈–ရတယ်၊ အဲဒီ ၂၈–ပါးကတော့ အမျိုးသမီးသန့်သန့်၊ အမျိုးသားသန့်သန့် စသည်ဖြင့် ပိုင်းခြား ကန့်သတ်ပြီး ပို့တဲ့အတွက် ဩဓိသမေတ္တာလို့ခေါ်တယ်၊ အဲဒီ ဩဓိသ ၂၈–ပါးနဲ့ ခုနက အနောဓိသ ၂၀–ကိုပေါင်းလိုက်လျှင် မေတ္တာ ၄၈–ပါးရတယ်။

http://www.dhammadownload.com



ထို့အတူ အရှေ့အရပ်က အားလုံးသတ္တဝါတွေ ရန်ကင်းကြပါစေ စသည်ဖြင့် ပို့တာကလဲ ၄၈–ပါး၊ အနောက်အရပ်၊ မြောက်အရပ်၊ တောင်အရပ်၊ အရှေ့တောင်အရပ်၊ အနောက်မြောက်အရပ်၊ အနောက်တောင်အရပ်၊ အောက်အရပ်၊ အထက်အရပ်တွေကလည်း၊ နည်းတူပဲ၊ ၄၈–ပါးစီရတယ်၊ ဒါကြောင့် အရပ်ဆယ်မျက်နှာမှာ မေတ္တာ ၄၈၀–ရပါတယ်။ အဲဒါတွေက အရပ်ဆယ်မျက်နှာနဲ့ ပိုင်းခြားပြီးဖြန့်တဲ့အတွက် ဒိသာဖရဏမေတ္တာလို့ခေါ်တယ်။ အဲဒီ ၄၈–ပါးကို ပေါင်းထည့်လိုက်လျှင် ၅၂၈–သွယ်မေတ္တာဖြစ်တယ်၊ အဲဒီ ၅၂၈–သွယ်မေတ္တာအရ ဘုန်းကြီးက ယခုအသံလွှင့်ရုံကနေပြီး မေတ္တာပို့ရတယ်။ တရားနာနေကြသည့်မွှာမက ပုဂ္ဂိုလ်တွေ အားလုံးကလည်း စိတ်နဲ့လိုက်ပြီး မေတ္တာပို့ကြပါ။

☆ အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

☆ အားလုံးအသက်ရှိသူတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

http://www.dhammadownload.com



☆ အားလုံး ထင်ရှားဖြစ်သူတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

☆ အားလုံးပုဂ္ဂိုလ်တွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

☆ အားလုံး ခန္ဓာကိုယ်အတ္တဘောရှိသူတွေ ဘေးရန်ကင်း ကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲ ကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက် ဆောင်နိုင်ကြပါစေ။

အဲဒါတွေက အနောဒိသမေတ္တာ ၂၀–တဲ့။

☆ အားလုံးအမျိုးသမီးတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်း ရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

☆ အားလုံး အမျိုးသားတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်း ရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

☆ အားလုံး အရိယာပုဂ္ဂိုလ်တွေ ဘေးရန်ကင်းကြပါစေ၊ စိတ် ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

http://www.dhammadownload.com



☆ အားလုံး ပုထုဇဉ်ပုဂ္ဂိုလ်တွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

☆ အားလုံး နတ်ဗြဟ္မာတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

☆ အားလုံး လူတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

☆ အားလုံး အပါယ်ဘုံသူ အပါယ်ဘုံသားတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

ဒါတွေက ဩဓိသမေတ္တာ ၂၈–ပါးတဲ့။

ယခု အရပ်မျက်နှာ ၁၀–ပါးနဲ့ မေတ္တာပို့ပုံကို အတိုချုံးပြီး ပြောမယ်။

☆ အရှေ့အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြ

http://www.dhammadownload.com



ပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

အနောက်အရပ်က အားလုံးသတ္တဝါတွေ ဘေးရန်ကင်းကြပါစေ၊ နည်းတူ ၄၈–ပါးဘဲ။

ထို့အတူ မြောက်အရပ်က၊ တောင်အရပ်က၊ အရှေ့တောင်အရပ်က၊ အနောက်မြောက်အရပ်က၊ အရှေ့မြောက်အရပ်က၊ အနောက်တောင်အရပ်က၊ အောက်အရပ်က၊ အထက်အရပ်က ၄၈–ပါးစီချည်းပဲ၊ အားလုံးပေါင်း ၅၂၈–သွယ်မေတ္တာဖြစ်ပါတယ်။

ယခု မြန်မာပြည်သူ ပြည်သားတွေကို အထူးမေတ္တာပို့ပြီး တရားသိမ်းတော့မယ်၊ အားလုံးစိတ်နဲ့လိုက်ပြီး မေတ္တာပို့ကြပါ။

ပြည်ထောင်စု မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတွေ အားလုံး ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ချမ်းသာစွာနဲ့ မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

http://www.dhammadownload.com

# မဟာစည်ဆရာတော်ဘုရားကြီး၏ မေတ္တာပို့ဆောင်ပုဒ်များ

၁။ ယခုရောက်လာ၊ တို့သူငါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၂။ ရှင်လူများစွာ၊ တို့သူငါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၃။ ဂုဏ်တော်နန္တာ၊ မြတ်ဆရာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၄။ မိဘနှစ်ဖြာ၊ ဂုဏ်နန္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၅။ တို့ကျောင်းတွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၆။ တို့မြို့တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၇။ တို့နယ်တွင်းမှာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၈။ ရဟန်းသံဃာ၊ အားလုံးမှာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၉။ ပစ္စည်းလေးဖြာ၊ ဒါယကာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၁၀။ မင်းစိုးရာဇာ၊ နတ်တကာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၁၁။ ခိုးသူတိုက်သူ၊ လိမ်ကောက်သူ၊ ထိုတူကိုယ်စိတ်ချမ်းသာစေ။
၁၂။ တို့စကြာဝဠာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၁၃။ အနန္တစကြာဝဠာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၁၄။ အပါယ်လေးရွာ၊ များသတ္တာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၁၅။ လူနတ်ဗြဟ္မာ၊ အားလုံးမှာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။
၁၆။ သုံးဆယ့်တစ်ဘုံ၊ အလုံးစုံ၊ အကုန်ချမ်းသာကြပါစေ။

(မေတ္တာသံပါရန် ဖြည်းဖြည်းနှင့် မှန်မှန်ဆိုရန်အရေးကြီးသည်။
တစ်ကြောင်းလျှင် နှစ်ခေါက်ဆိုရန်။)

http://www.dhammadownload.com

# တရားရှုမှတ်အပြီး ဆုတောင်းအမျှဝေရန်

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။
ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

**ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ**- မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ဟု ဆိုအပ်သော ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ် ဖြင့်၊ **ဗုဒ္ဓံ**-မြတ်စွာဘုရားကို၊ **ပူဇေမိ**-ပူဇော်ပါ၏ အရှင်ဘုရား။

**ဣမာယ ဓမ္မနု ဓမ္မပဋိပတ္တိယာ**- မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ဟု ဆိုအပ်သော ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ **ဓမ္မံ**-မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ပရိယတ္တိဟုဆိုအပ်သော ဆယ်ပါးသော တရားတော်မြတ်ကို၊ **ပူဇေမိ**-ပူဇော်ပါ၏ အရှင်ဘုရား။

**ဣမာယ ဓမ္မနု ဓမ္မပဋိပတ္တိယာ**- မဂ်လေးတန်၊ ဖိုလ်လေးတန်၊ နိဗ္ဗာန်ဟု ဆိုအပ်သော ဤလောကုတ္တရာတရား ကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ်ဖြင့်၊ **သံဃံ**- မဂ္ဂဋ္ဌာန် လေးယောက်၊ ဖလဋ္ဌာန် လေးယောက်ဟုဆိုအပ်သော ရှစ်ယောက်သော အရိယာ သံဃာတော် အရှင် မြတ်တို့နှင့်တကွ ယခုရှိတော်

http://www.dhammadownload.com



မူကြသော သမ္ဗုတိသံဃာတော်မြတ်တို့ကို၊ **ပူဇေမိ**-ပူဇော်ပါ၏ အရှင်ဘုရား။

**ဣဒံ မေ ပုညံ မဂ္ဂဖလဉာဏဿ ပစ္စယော ဟောတု။**

**ဘန္တေ**-အရှင်ဘုရား၊ **မေ**-တပည့်တော်၏၊ **ဣဒံ ပုညံ**-ဤသို့ ယနေ့ပြု အပ်သော ဒါနကုသိုလ်၊ ဆောက်တည်အပ်သော သီလကုသိုလ်၊ ပွားများအပ်သော ဘာဝနာကုသိုလ်၊ တရားနာရသော ဓမ္မဿဝန ကုသိုလ် သည်၊ **မဂ္ဂဖလဉာဏဿ**-တပည့်တော် သည် တောင့်တအပ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်၏၊ **ပစ္စယော**-ရကြောင်း ရောက်ကြောင်း ကျေးဇူးပြုသော အကူအညီ အကြောင်း အထောက်အပံ့သည်၊ **ဟောတု**- ဖြစ်ပါစေသတည်း။

**ဣမံ နော ပုညဘာဂံ သဗ္ဗသတ္တာနံ ဒေမ။**

**ဣမံ နော ပုညဘာဂံ**-ဤသို့ ယနေ့ ယခု တပည့်တော် တို့ တစ်စု၏ ပြုစု ပွားများ နာကြားရသော ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို **သဗ္ဗသတ္တာနံ**- တရားနာဖော်၊ တရားနာဖက်၊ တရားအားထုတ်ဖော်၊ တရားအားထုတ်ဖက် ဖြစ်ကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတို့ နှင့်တကွ၊ မိခင်၊ ဖခင် ကျေးဇူးရှင်တို့ကို အစထား၍ သုံးဆယ့်တစ်ဘုံ လုံးစုံ များစွာ သတ္တဝါမှန်သမျှ အနန္တတို့အား၊ **ဒေမ**-ရစေ ယူစေ အမျှပေး ဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏၊ အမျှပေးဝေပါကုန်၏။

http://www.dhammadownload.com



အမျှရကြ၍ ချမ်းသာကြပါစေသော်၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြ ပါစေသော်၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ သော်၊ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြ ပါစေသော်၊ စိတ်ချမ်းသာ ကိုယ်ကျန်းမာနှင့် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း ပဋိပတ် တို့ကို ကျင့်ကြံကြိုးစား ပွားများအားထုတ် နိုင်ကြပါစေသော် ...။

ဤသို့ပြုရ မြတ်ပုညကြောင့် ချမ်းမြအေးကြည် ဘေးမဲ့ မည်သည် ရွှေပြည် ထုတ်ခြောက် လမ်းမကောက်ဘဲ ရောက်ရပါလို၊ ထိုထိုဘဝ ကျင် လည်ရလည်း ဒုက္ခဘေးဒဏ် ရန်မာန်အပေါင်း မကောင်းဟူသမျှ မတွေ့ရဘဲ သဗ္ဗညုတ္တာ မဂ်လာကို ရွယ်ကာ တ,တိုင်း ရစေသော် ...... ။

ယနေ့ ယခု ပြုပြုသမျှ မြတ်ဘာဂကို မိဘဆရာ မျိုးသဟာနှင့် ကိုယ်မှာ စောင့်ကြပ် ကိုယ်စောင့်နတ်က အရင်းစ၍ ရှိသမျှ လုံးစုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ဝေနေယျတို့ ရကြ ပါစေ ပေးငှဝေသည် များထွေ သာဓု ခေါ်စေ သော် ........ ။

အမျှ ........ အမျှ ....... အမျှ .......
ယူတော်မူကြပါကုန်လော့။

သာဓု .... သာဓု ..... သာဓု .... (သုံးကြိမ်)

http://www.dhammadownload.com

# မဟာစည်သာသနာ့ရိပ်သာ

## ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်

## ယောဂီများ လိုက်နာရန်နှင့် တရားရှုမှတ်ချိန်ဇယား

| | | | | |
|---|---|---|---|---|
| နံနက် | ၃ နာရီမှ | ၄ နာရီ | ၁ နာရီ | (အိပ်ယာထ)စင်္ကြံလျှောက်မှတ် |
| | ၄ 〃 | ၅ 〃 | ၁ 〃 | ထိုင်မှတ် |
| | ၅ 〃 | ၆ 〃 | ၁ 〃 | (အရုဏ်ဆွမ်းစား) |
| | ၆ 〃 | ၇ 〃 | ၁ 〃 | ထိုင်မှတ် |
| | ၇ 〃 | ၈ 〃 | ၁ 〃 | စင်္ကြံလျှောက်မှတ် |
| | ၈ 〃 | ၉ 〃 | ၁ 〃 | ထိုင်မှတ် |
| | ၉ 〃 | ၁၂ 〃 | ၃ 〃 | (ရေချိုး/နေ့ဆွမ်းစား/ နှစ်သက်သလိုရှုမှတ် မိမိအခန်း) |
| နေ့လယ် | ၁၂ နာရီမှ | ၁ နာရီ | ၁ နာရီ | ထိုင်မှတ် |
| | ၁ 〃 | ၂ 〃 | ၁ 〃 | စင်္ကြံလျှောက်မှတ် |
| | ၂ 〃 | ၃ 〃 | ၁ 〃 | (တရားနာ/တရားစစ်မေးရန်) |
| | ၃ 〃 | ၄ 〃 | ၁ 〃 | စင်္ကြံလျှောက်မှတ် |
| | ၄ 〃 | ၅ 〃 | ၁ 〃 | ထိုင်မှတ် |
| | ၅ 〃 | ၆ 〃 | ၁ 〃 | စင်္ကြံလျှောက်မှတ် |
| ညနေ | ၆ နာရီမှ | ၇ နာရီ | ၁ နာရီ | ထိုင်မှတ် |
| | ၇ 〃 | ၈ 〃 | ၁ 〃 | စင်္ကြံလျှောက်မှတ် |
| | ၈ 〃 | ၉ 〃 | ၁ 〃 | ထိုင်မှတ် |
| | ၉ 〃 | ၁၀ 〃 | ၁ 〃 | စင်္ကြံလျှောက်မှတ် |
| | ၁၀ 〃 | ၁၁ 〃 | ၁ 〃 | (မိမိအခန်းအတွင်း)ထိုင်မှတ် |
| | ၁၁ 〃 | ၃ 〃 | ၄ 〃 | အိပ်စက်နားနေချိန် |
| | စုစုပေါင်း= | | ၂၄ နာရီ | |

သတိ။ ၁။ အိပ်စက်ချိန် ၄-နာရီမှအပ အချိန်တိုင်း ရှုမှတ်မှုနှင့်သာနေရမည်။

၂။ နေ့စဉ် အချိန်မှန် တရားစစ်ဆေးခံရန်/တရားထိုင်ရန်ကြွရောက်ရပါမည်

၃။ သံဃာတော်များနှင့် အမျိုးသားယောဂီများ၊ တရားရှုမှတ်ရန်နေရာ/ စင်္ကြံလျှောက်ရန်နေရာ (စံကျောင်းတော်) (ဒေါ်ကြွေဓမ္မာရုံ)

၄။ သီလရှင်များနှင့် အမျိုးသမီးယောဂီများ၊ တရားရှုမှတ်ရန်နေရာ/ စင်္ကြံလျှောက်ရန်နေရာ (ဖလ်ယဉ်ဓမ္မာရုံ) (သက်ကြီးဆောင်ဓမ္မာရုံ)

http://www.dhammadownload.com

# တရားဝင်ကြသည့် ယောဂီအသစ်များ

ညနေ(၃)နာရီအချိန်တွင်
နေရာချထားရေးရုံးသို့
လာရောက်၍
မဟာစည်စံကျောင်းတော်အောက်ထပ်တွင်
ကျေးဇူးတော်ရှင်
မဟာစည်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော
အလုပ်ပေးတရားနာယူရန်စုဝေးသွားကြရပါမည်။